# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၈၃)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္လာနေ့။


## မိတ်ဆွေစစ် လေးမျိုး

* မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
* ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
* အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
* ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးတက်ရောက်ပြီး နေပြည်တော်ရောက်ရှိ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့အား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့ဒွန်မောင်းလေဆိပ်မှ မြန်မာ့အမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံ စီးပွားရေးရာဝန်ကြီး ဗိုလ်ချုပ်ကြီး ချတ်ချိုင်းဆာရိကလျာ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာပစ္စနု၊ ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် သံရုံး၊ စစ်သံရုံး ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဒွန်မောင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ ညနေ ၃ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်

*စာမျက်နှာ ၈ ကော်လံ ၂* ✻

# အလုပ်သမားဆေးရုံများတွင် တိုင်းရင်းဆေးခန်းထားရှိမည်

သတင်း-ဝေယံဦး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် ဒီဇင်ဘာ ၂၁**

အလုပ်သမားများအတွက် ကျန်းမာရေးကို ဘက်ပေါင်းစုံမှ ကုသ စောင့်ရှောက်ပေးရန် မြန်မာနိုင်ငံရှိ အလုပ်သမားဆေးရုံကြီးသုံးရုံတွင် လက်ရှိ ကုသပေးနေသော ကျန်းမာရေးစောင့်ရှောက်မှုများအပြင် တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်ရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားတော့မည် ဖြစ်သည်။

"ရန်ကုန်နဲ့ မန္တလေးတို့မှာရှိတဲ့ အလုပ်သမားဆေးရုံသုံးခုမှာ တိုင်းရင်းဆေးခန်းတွေထားရှိပြီး ကုသပေးနိုင်ရေးဆောင်ရွက်ပေးတော့မှာဖြစ်ပါတယ်။ ဒါဟာ အလုပ်သမားတွေအတွက် ပိုမိုပြည့်စုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင်လို့ဖြစ်ပါတယ်" ဟုအလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်ထုတ်ပြန်ကျင့်သုံးခဲ့ပြီးနောက် ဥပဒေအရ လူမှုဖူလုံရေးအာမခံကြေးထည့်ဝင်ထားသည့် အလုပ်သမားများကို ဆေးကုသမှုကုန်ကျငွေများကို လူမှုဖူလုံရေးအဖွဲ့မှ အကုန်အကျခံကာ ဆောင်ရွက်ပေးလျက် ရှိသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■


## ယနေ့ မာတိကာ

ကျွန်တော်နဲ့ ဇင်းမယ်မြို့ — ဆောင်းပါး — စာ ၆

ကရင်နှစ်သစ်ကူးပွဲတော် သထုံ၌ စည်ကားစွာ ကျင်းပ — စာ ၁၁


## ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။


တောင်သူဦးကြီးများအားထားရာ

® ကမ္ဘာကျော် ဓာတ်မြေဩဇာ

"ကမ္ဘာကျော်ဓာတ်မြေဩဇာ ဝယ်ယူသုံးစွဲကြသော ကျေးဇူးရှင်တောင်သူကြီးများအား လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာကျော်ဓာတ်မြေဩဇာများအား ဝယ်ယူသုံးစွဲမှု အလွန်များပြားသောကြောင့် ကမ္ဘာကျော်မြေဩဇာဆိုင်များမှာသူပြီး မြေဩဇာဆိုင်များမရရှိသောတောင်သူကြီးများ၊ လိုလောက်စွာရောင်းချပေးနိုင်ခြင်းမရှိသော တောင်သူကြီးများအား ရာဇဝင်ခွန့်ကမ္ဘာကျော်မှ အနူးအညွတ်တောင်းပန်ပါကြောင်းနှင့် နိုင်ငံတကာအဆင့်မီ ကမ္ဘာကျော်ဓာတ်မြေဩဇာစက်ရုံကြီးအား နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) တွင် ထပ်မံ တိုးချဲ့တည်ဆောက်၍ တောင်သူကြီးများ၏ မြေဩဇာလိုအပ်ချက်များအား အပြည့်အဝ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။"

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ကာကွယ်

ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်း၊ ရွှေ့ပြောင်းနေထိုင်ခြင်းတို့သည် ကမ္ဘာဦးအစကပင် ရှိခဲ့ကြလေသည်။ ကမ္ဘာဦးလူသားတို့သည် ရေကြည်ရာမြက်နုရာ သွားလာနေထိုင်ခဲ့ကြသည်။ မျက်မှောက်ခေတ် ၂၁ ရာစုခေတ်သည်ကား ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း၊ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းသည် ပို၍ပင် လျင်မြန်စွာတိုးတက်ခဲ့သည်။ ယခုအခါ ဖွံ့ဖြိုးစနိုင်ငံများမှ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာခြင်းသည် လျင်မြန်စွာတိုးတက်ခဲ့သည်။ ထို့ကြောင့်လည်း ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ဆောင်ရွက်ပေးနိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအချိန်တွင် Globalization ဖြစ်စဉ်နှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေ ပြောင်းလဲလာမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ လူနေမှုအဆင့်အတန်းကွာဟမှု စသည့်အမျိုးမျိုးသော အခြေအနေများကြောင့် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန် သွားရောက်ကြသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်သည် တစ်နေ့တခြား တိုးတက်များပြားလာသည်ကို မြင်တွေ့နေရပါသည်။ အလုပ်သမားစေလွှတ်သည့်နိုင်ငံများနှင့် ရောက်ရှိအလုပ်လုပ်ကိုင်သည့် နိုင်ငံများအတွက်သာမက ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင် အကျိုးစီးပွားဖြစ်ထွန်းမှုများအပေါ်မူတည်ပြီး ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ခြင်းကို အပြုသဘောဆောင်သော အမြင်တစ်ရပ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြု လက်ခံလာကြပြီဖြစ်ပါသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွား လာသူများနေ့ အခမ်းအနား၌ မိမိတို့အစိုးရအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သော မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမျိုးမျိုးသော လေ့လာချက်များအရ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးဆိုင်ရာအရင်းအနှီးများ တိုးပွားစေရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို သိသာထင်ရှားသည့် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုသည်ကို အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် ကောင်းမွန်သည့်အခြေအနေများ ဖန်တီးပေးပြီး ရွှေ့ပြောင်းလုပ်သားများကို "သားကောင်များ" မဟုတ်ဘဲ "အဓိကဇာတ်ကောင်များ" ဖြစ်စေရန် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယခုအခါ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပေးထားပြီး ရန်ကုန်လေဆိပ်တွင်လည်း ရွှေ့ပြောင်းအလုပ်သမားသတင်းပို့ဌာန ဖွင့်လှစ်ထားသည်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများ တိုင်ကြားနိုင်သည့် ဌာနများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ထားပြီး ပြည်တွင်းပြည်ပ၌ အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ ရွှေ့ပြောင်း မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားကို ယခုထက်ပိုမို ကာကွယ်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်သွားကြရမည်ဖြစ်သည်။

## ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ



# အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်စစ်ရေးပြအခမ်းအနားအတွက် တပ်ပါအစအဆုံးလေ့ကျင့်မှု၊ ဝတ်စုံပြည့်လေ့ကျင့်မှုများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၂၄/၂၆/၂၇/၂၉/၃၀) ရက်နေ့များနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တို့တွင် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါနေရာ ငါးခု၌ နံနက် ၄ နာရီမှ နံနက် ၁၀ နာရီထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါသည်-

- ရာဇဌာနီလမ်း၊ ရုံးအမှတ် (၂၇)၊ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးထိပ်
- ရာဇဌာနီလမ်း၊ ရုံးအမှတ် (၁၈) ထွက်ပေါက်လမ်းဆုံ
- ဇေယျဌာနီလမ်း၊ ရုံးအမှတ် (၅)၊ ပို့ဆောင်ရေးဝန်ကြီးဌာနရုံးရှေ့
- ဇေယျဌာနီလမ်း၊ ရုံးအမှတ် (၃၈) အနီး
- ရာဇဌာနီလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းနှင့် ကြာပန်းအဝိုင်းအကြား

အဆိုပါလမ်းများ ခေတ္တပိတ်ထားစဉ် ဝန်ကြီးဌာနများမှ ဝန်ထမ်းကြို/ပို့ မော်တော်ယာဉ်များနှင့် ပုဂ္ဂလိကကိုယ်ပိုင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များသည် ရာဇသင်္ဂဟလမ်း၊ ပဏ္ဍိတလမ်း၊ ဇဝနလမ်းများအတိုင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လုံခြုံရေးကော်မတီ**

ထင်သာမြင်သာ ပြုပြင်စရာ

# ယိုင်နေသည့် လျှပ်စစ်ဓာတ်တိုင်ပြန်တည့်စေချင်

စမ်းချောင်းမြို့နယ် ဝေဠုဝန် မြောက်ရပ်ကွက် ဦးရွှေမှန်လမ်းနှင့် ရန်ပြိုလမ်းထောင့်ရှိ လျှပ်စစ်ဓာတ်တိုင်မှာ နှစ် ၅၀ ကျော်ခန့်ရှိပြီး ၂၀၀၈ ခုနှစ် နာဂစ် မတိုင်မီက ပြိုလဲမည့်အနေအထားကို လျှပ်စစ်ဌာနနှင့် ရပ်ကွက်နေပြည်သူများက တည့်မတ်၍ လမ်းတစ်ဖက်ခြမ်းရှိ ဗံဒါပင်တွင် သံကြိုးဖြင့် ချိတ်ဆက် ထိန်းထားခဲ့ရသည်။



ယခုအခါ ဗံဒါပင်မှာလည်း ကြီးရင့်လာပြီဖြစ်၍ အင်အားနည်းပါးလာရာ ပုံတွင်မြင်တွေ့ရသည့်အတိုင်း ဓာတ်တိုင်မှာ တစ်ဖက်သို့ ယိုင်လာပြီဖြစ်သည့်အတွက် မပြိုလဲမီ အချိန်မီသက်ဆိုင်ရာမှ လာရောက်ပြုပြင်နိုင်ရန် ရပ်ကွက်ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**



# မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**လဲချား ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့တွင် မြို့နယ်အတွင်းနှင့် မြို့မဈေးကြီးကို မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်မီးသတ် ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြို့မဈေးကြီး အရှေ့မျက်နှာစာ၌ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မေ(iprd)**



ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီပီကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**ဗန်ကောက် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စီပီကုမ္ပဏီမှဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဒါနင်းချီရာဗာနွန်နှင့်အဖွဲ့အား ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Mandarin Oriental ဟိုတယ်ရှိ Embassy Room ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးရဲထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကျောင်းသားများအားတွေ့ဆုံ

**ဗန်ကောက် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများ၊ ပညာတော်သင်ကျောင်းသားများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများ၊ ပညာတော်သင် ကျောင်းသားကျောင်းသူ များအား လက်ဆောင်ပစ္စည်းများပေးအပ်ရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် ဇနီးတို့က လည်းကောင်း၊ စစ်သံမှူးဗိုလ်မှူးချုပ် ချစ်ဆွေနှင့်ဇနီးတို့ကလည်းကောင်း**(အပေါ်ပုံ)**၊ ပညာတော်သင် ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သံအမတ်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီပီကုမ္ပဏီမှဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဒါနင်းချီရာဗာနွန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။**

*❍ ကျောဖုံးမှ*

ဦးတည်ကာ တိုးတက်မှု ဆက်လက်ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြသည်။

အလားတူ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား လွတ်လပ်သောကုန်သွယ်ရေးဇုန် ထူထောင်ခြင်းအပါအဝင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံမူဘောင်များကိုတိုးတက်စေကာ နယ်စပ်ဖြတ်ကျော် အခွန်အကောက်လျှော့ချခြင်း၊ ကုန်စည်များ ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြီးခဲ့သည့် သုံးနှစ်က နေပြည်တော်၌ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီးအစည်းအဝေးကျင်းပခဲ့ချိန် နောက်ပိုင်း ဒေသဆိုင်ရာစီးပွားရေးတွင် မြန်မာနိုင်ငံ ပေါင်းစည်းပါဝင်ရန် လမ်းဖွင့်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ဒေသခွဲအတွင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို ပေးစွမ်းနိုင်ခဲ့ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုသည် နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အရ တိုးတက်စေမှု၊ တောက်ပသောအနာဂတ်ကို ဖန်တီးနိုင်မှုတို့အတွက် မြန်မာပြည်သူတို့သာမက မဟာမဲခေါင်ဒေသခွဲ ပြည်သူများအတွက်ပါ အကျိုးဖြစ်ထွန်းစေပါကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း လုပ်ငန်းနယ်ပယ်ကဏ္ဍအလိုက် ရေရှည်စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုသည် ရလဒ်ကောင်းများကို ပေါ်ထွန်းစေခဲ့ပါကြောင်း၊ အခြေခံအဆောက်အအုံအရ ချိတ်ဆက်နိုင်မှုအတွက် တိုးတက်အောင်မြင်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ပါကြောင်းနှင့် ထိုအောင်မြင်မှုများတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာမိတ်ဖက်များက ဆက်လက်ပါဝင်ကူညီရန် မျှော်လင့်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဆဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၌ ဗီယက်နမ်နိုင်ငံတွင် ကျင်းပရန် သဘောတူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



နိုင်ငံတကာသတင်း



# အမေရိကန်က ပုံမှန်ဆက်ဆံရေးပြုလုပ်လာသော်လည်း ကွန်မြူနစ်စနစ်ကို စွန့်လွှတ်မည်မဟုတ်ဟု ကျူးဘားဆို

**ဟာဗားနား ဒီဇင်ဘာ ၂၁**

မကြာသေးမီက အမေရိကန်၏ အပြုသဘောဆောင် ပုံမှန် ဆက်ဆံလာမှုအပေါ် ကျူးဘားသမ္မတ ရာအူးလ် ကက်စထရိုက ချီးမွမ်းပြောဆိုလိုက်သော်လည်း ဟာဗားနား အနေဖြင့် ၎င်း၏နိုင်ငံရေးစနစ်ကို ပြောင်းလဲလိမ့်မည် မဟုတ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။

ကျူးဘားနိုင်ငံသည် အမေရိကန်က ၎င်းနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေး ပိတ်ဆို့မှုများ မဖယ်ရှားမီကပင် ကာလကြာရှည်အခက်အခဲအကျပ်အတည်းများဖြင့် ရင်ဆိုင်နေရကြောင်းဖြင့်လည်း ၎င်းကသတိပေးပြောကြားလိုက်သည်။

ဗုဒ္ဓဟူးနေ့တွင် မစ္စတာအိုဘားမားက အဆိုပါကွန်မြူနစ်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းမူဝါဒသည် နှစ် ၅၀ အတွင်း အမေရိကန်က ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးမူဝါဒနှင့် ပတ်သက်၍ အထူးခြားဆုံးဖြစ်ကြောင်း ၎င်းက ပြောသည်။

အမေရိကန်-ကျူးဘားဆက်ဆံရေးသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက အေးစက်စက်ဖြစ်ခဲ့သည်။ ကျူးဘားတော်လှန်ရေးပြီးနောက် သံတမန်ဆက်ဆံရေးပြိုကွဲပြီး အမေရိကန်က ကျူးဘားအပေါ် ကုန်သွယ်ရေး ပိတ်ဆို့မှုပြုလုပ်ခဲ့သည်။

**(ဘီဘီစီ)**

# အိန္ဒိယအရှေ့မြောက်ပိုင်း ဗုံးပေါက်ကွဲမှု သုံးဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၁**

အိန္ဒိယအရှေ့မြောက်ပိုင်း မဏိပူရပြည်နယ် မြို့တော်အင်ဖာမြို့၌ တနင်္ဂနွေနေ့ နံနက်ပိုင်းက လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမားသုံးဦး သေဆုံးခဲ့ပြီး အခြားလေးဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

အဆိုပါဗုံးကို အင်ဖာဈေးအနီး လမ်းဘေး၌ ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ အစောပိုင်းကလည်း ကားရပ်နားစခန်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပရက်စ်ထရပ်သတင်းအေဂျင်စီက ပြောသည်။

အချို့သောခွဲထွက်ရေးသမားအုပ်စုများသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ အစိုးရကို အသေးစားဆန့်ကျင်မှု ပြုလုပ်လျက်ရှိသည်။

**(ဆင်ဟွာ)**

# ဆီးရီးယား၌ ရောဂါကူးစက်ပျံ့နှံ့မှုပြဿနာ ကြုံတွေ့နိုင်ဟု ကုလပြောကြား

**ဂျီနီဗာ ဒီဇင်ဘာ ၂၁**

ဆီးရီးယားနိုင်ငံ ပဋိပက္ခများအတွင်း ဒဏ်ရာရရှိသူတစ်သန်းရှိရာ နိုင်ငံတစ်ဝန်းကို အသက်အန္တရာယ်ရှိသော ရောဂါပိုးများပျံ့နှံ့နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတစ်ဝန်း၌ မသန့်ရှင်းသောရေများ သုံးစွဲရမှုကြောင့် တုပ်ကွေးနှင့် အသည်းရောင်ရောဂါများဖြစ်ပွားချိန်မတိုင်မီက ကာကွယ်ဆေးထိုးပေးမှုနှုန်းများမှာ ၉၀ ရာနှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆီးရီးယားကိုယ်စားလှယ် အဲလစ်ဇဘက်ဟော့ဖ်က ပြောခဲ့သည်။

အများပြည်သူဆိုင်ရာ ဆေးရုံထက်ဝက်ကျော်မှာ လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရ၍ နိုင်ငံ၏ကျန်းမာရေးစနစ်မှာလည်း ပြိုလဲကာ ဖျားနာမှုနှင့် ထိခိုက်ဒဏ်ရာရမှုများအတွက် ကုသမှုများမှာလည်း အခြေအနေဆိုးခဲ့သည်။

ယခုနှစ်အတွင်း ဆီးရီးယားနိုင်ငံတစ်ဝန်း၌ ဝက်သက်ရောဂါခံစားနေရသူ ၄၂၀၀ ရှိပြီး တုပ်ကွေးဖြစ်ပွားနေသူ ၆၅၀၀ ကျော်ရှိကြောင်း ၎င်းက ပြောခဲ့သည်။ ယင်းအခြေအနေများကြောင့် လာမည့်နှစ်အတွင်း ဆီးရီးယားပြည်သူ ၁၈ သန်းခန့်ကို ကူညီထောက်ပံ့မှုများပြုလုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံကျော်လိုအပ်ကြောင်း ကုလသမဂ္ဂက ပြောခဲ့သည်။

**(ပရက်စ်တီဗွီ)**

**အနုအညွတ်တောင်းပန်ခြင်း**

ဒီဇင်ဘာ ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၄) ပါ **အမေရိကန်နိုင်ငံသို့ ပျံသန်းမည့် လေယာဉ်ဆူပူမှုကြောင့် ဂျပန်၌အရေးပေါ်ဆင်းသက်ခဲ့ရ** ဟုဖော်ပြခဲ့သည့် သတင်းအစား ခရီးသည် ၂၄၀ တင်ဆောင်လာသော အမေရိကန်လေယာဉ် ရာသီဥတုရုတ်တရက်ဆိုးရွားမှုကြောင့် ဂျပန်နိုင်ငံ နာရီတာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရဟု ပြင်ဆင်ဖတ်ရှုပေးပါရန် သတင်းစာဖတ်ပရိသတ်အား အနုအညွတ် တောင်းပန်အပ်ပါသည်။ ထပ်မံဘာသာပြန်ဆိုချက်ကိုလည်း ဖော်ပြအပ်ပါသည်။

**(စာတည်းအဖွဲ့)**

# ခရီးသည် ၂၄၀ တင်ဆောင်ထားသော အမေရိကန်လေယာဉ် ရာသီဥတု ရုတ်တရက်ဆိုးရွားမှုကြောင့် ဂျပန်လေဆိပ်၌ အရေးပေါ် ဆင်းသက်ခဲ့ရ

**ချီပါ(ဂျပန်) ဒီဇင်ဘာ ၂၁**

အမေရိကန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် ပြင်းထန်သော တုန်ခါမှုတစ်ရပ်ဖြစ်ပွားရာမှ ခရီးသည် ၁၂ ဦး ဒဏ်ရာရရှိခဲ့သဖြင့် တိုကျိုမြို့အနီး နာရီတာ နိုင်ငံတကာ လေဆိပ်တွင် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက အရေးပေါ် ဆင်းသက်ခဲ့ရသည်။

ဒဏ်ရာရရှိသော ခရီးသည်များထဲတွင် အမျိုးသမီး ခရီးသည်တစ်ဦးနှင့် လေယာဉ်မောင်တစ်ဦးပါဝင်ကြောင်း၊ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း နာရီတာလေဆိပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

ခရီးသည် ၂၄၀ နှင့် လေယာဉ်အမှုထမ်း ၁၅ ဦး တင်ဆောင်သော အဆိုပါ လေယာဉ်သည် တောင်ကိုရီးယား အင်ချွန်းနိုင်ငံတကာလေဆိပ်မှ အင်္ဂါနေ့ ညနေ ၆ နာရီ ၁၅ မိနစ်၌ ထွက်ခွာလာရာ ည ၇ နာရီခွဲတွင် ရာသီဥတု ရုတ်တရက်ဆိုးရွားမှုဒဏ်ကြောင့် ပြင်းထန်သော တုန်ခါမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အင်္ဂါနေ့ နေ့လယ်ပိုင်းက ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်တွင် အင်အားကြီးမားသည့် လေဖိအားနည်းရပ်ဝန်းနှစ်ခု ဖြစ်ပေါ်နေကြောင်း နာရီတာလေဆိပ်မှ တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။

လေယာဉ်ပေါ်ပါခရီးသည်များ ညစာသုံးဆောင်နေကြစဉ် လေယာဉ်တုန်ခါမှု မိနစ် ၂၀ ဖြစ်ပွားခဲ့ရာ အစားအသောက်များ ပြန့်ကြဲသွားခဲ့ပြီး ခရီးသည်တချို့မှာ အထိတ်တလန့် ဖြစ်ခဲ့ကြရသည်။

လေယာဉ်ပြင်းထန်စွာ တုန်ခါမှုကြောင့် လေယာဉ်မောင်တစ်ဦးမှာ အပေါ်သို့ လွင့်စဉ်သွားကာ ဦးခေါင်းနှင့် လေယာဉ်မျက်နှာကြက် တိုက်မိခဲ့ကြောင်း ခရီးသည်တစ်ဦးက ပြောကြားသည်။

**(ကျိုတိုနယူးစ်)**

# အသေခံဗုံးခွဲတိုက်ခိုက်မှု၌ ဒဏ်ရာရရှိခဲ့သည့် အာဖဂန်ဓာတ်ပုံဆရာသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၂၁**

ယခုလအစောပိုင်းက ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှု၌ ဒဏ်ရာရရှိခဲ့သည့် အာဖဂန်ဓာတ်ပုံဆရာတစ်ဦး သေဆုံးသွားကြောင်း တနင်္ဂနွေနေ့က ဒေသဆိုင်ရာမီဒီယာက ဖော်ပြခဲ့သည်။

မက်ထရာရုပ်သံဌာနမှ ဓာတ်ပုံဆရာဖြစ်သူ ဇူဘိုင်ဘာဟာတာမီသည် ပြင်သစ်ယဉ်ကျေးမှု ပြဇာတ်ရုံ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကဘူးလ်မြို့လယ်ရှိ ပြင်သစ်တို့တည်ဆောက်ထားသော အထက်တန်းကျောင်းရှိ ယဉ်ကျေးမှုပြဇာတ်ရုံ၌ အနုပညာရှင်နှင့် ကျောင်းသားကျောင်းသူရာပေါင်းများစွာ ပြဇာတ်ကြည့်နေကြစဉ် ဆယ်ကျော်သက်အရွယ် အသေခံဗုံးခွဲသမားဝင်ရောက်လာပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းအဖြစ်အပျက်သည် ဒီဇင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံသားတစ်ဦး သေဆုံးကာ အခြား လူ ၂၀ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဓာတ်ပုံဆရာ သေဆုံးမှုအတွက် အာဖဂန်အစိုးရအမှုဆောင်အရာရှိချုပ် အဗ္ဗဒူလာ အဗ္ဗဒူလာက ဇူဘိုင်ဘာ၏ ဆွေမျိုးများ၊ မိတ်ဆွေများနှင့် ထပ်တူဝမ်းနည်းရပါကြောင်း ၎င်း၏တွစ်တာတွင် ဖော်ပြခဲ့သည်။

ယင်းအသေခံဗုံးခွဲ တိုက်ခိုက်မှုကို တာလီဘန်တို့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဖဂန်၌ ယခုနှစ်အတွင်း ဇန်နဝါရီလ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ တာလီဘန်တို့၏ တိုက်ခိုက်မှုများနှင့် ပဋိပက္ခများကြောင့် အရပ်သား ၃၁၈၀ ကျော် သေဆုံးခဲ့ပြီး ၆၄၃၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂကထုတ်ပြန်သော စာတမ်းအရ သိရသည်။

**(ဆင်ဟွာ)**

# နယူးယောက်ရဲအရာရှိနှစ်ဦး သေနတ်သမား၏ လက်ချက်ဖြင့်သေဆုံး

**နယူးယောက် ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ သေနတ်သမားတစ်ဦးက သူ့ကိုယ်သူသတ်မသေမီ ကင်းလှည့်ကားအတွင်း ထိုင်နေသောရဲအရာရှိနှစ်ဦးအား ပစ်သတ်ခဲ့သည်။

သေနတ်သမားသည် ရဲယူနီဖောင်းဝတ်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး မြေအောက်ရထားဘူတာတစ်ခုအတွင်း ပြေးဝင်သွားကာ သူ့ကိုယ်သူပစ်ခတ်ခဲ့ကြောင်း နယူးယောက်ရဲအရာရှိချုပ်က ပြောသည်။

စောစောပိုင်းက ၎င်းသေနတ်သမားသည် သူ၏ချစ်သူဟောင်းကို သေနတ်ဖြင့်ပစ်ခဲ့ရာ ဒဏ်ရာရရှိသွားခဲ့သည်။ ၎င်းက ရဲတပ်ဖွဲ့အား ဆန့်ကျင်သော မက်ဆေ့ချ်များအွန်လိုင်းမှတစ်ဆင့်ပေးပို့ခဲ့သည်။

အဆိုပါ ရဲအရာရှိများ အသတ်ခံရခြင်းနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ဟာဝိုင်ရီသို့ အားလပ်ရက်အလည်အပတ်ရောက်ရှိနေသော သမ္မတဘားရက်အိုဘားမားက ပြောသည်။

မိမိတို့အား နေ့စဉ်နှင့်အမျှ လုံခြုံမှုပေးနေသော ရဲတပ်ဖွဲ့ဝင်များအား လေးစားဂုဏ်ပြုထိုက်ကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ ရဲအရာရှိ လူဝမ်ကျင်းနှင့် ရာဖေးလ်ရာမို့တို့သည် စနေနေ့က တာဝန်ထမ်းဆောင်နေစဉ် သေနတ်သမား၏ လျှပ်တစ်ပြက်တိုက်ခိုက်ခံရပြီးသေဆုံးခဲ့ရသည်။

**(ဘီဘီစီ)**



ပြည်တွင်းသတင်း

# ATM ငွေထုတ်စက်များမှ ငွေလိမ်လည်ထုတ်ယူသူ နိုင်ငံခြားသား ငါးဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့ရှိ ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်များ၌ နိုင်ငံခြားသားအချို့က ငွေထုတ်ကတ်အတုအသုံးပြု၍ ငွေများ လိမ်လည်ထုတ်ယူနေကြောင်း ပြည်သူများ၏ သတင်းပေးချက်အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်သက်ဆိုင်ရာဘဏ်မှ တာဝန်ရှိသူများသည် စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က နိုင်ငံခြားသားတစ်ဦးက ငွေထုတ်ကတ်အတုဖြင့် ငွေထုတ်ယူနေစဉ် ဖမ်းဆီးရမိခဲ့ပါသည်။ စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းနှင့်အတူ အခြားနိုင်ငံခြားသား လေးဦးတို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဘဏ်ခြောက်ခု၏ ATM ငွေထုတ်စက်များမှ ၅၈ ကြိမ် ထုတ်ယူခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသား လေးဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ငွေထုတ်ကတ်အတု ၃၅ ကတ်၊ Memory Card နှစ်ခု၊ iPad တစ်ခု၊ Laptop ကွန်ပျူတာတစ်လုံးနှင့် မြန်မာငွေကျပ် ၂၅၂ သိန်းကျော်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျန်တစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ပြစ်မှု ကျူးလွန်သူများသည် ပြည်ပမှ ငွေထုတ်ကတ်ကုတ်နံပါတ်များကို နည်းပညာဖြင့် ရယူခဲ့ပြီး ငွေထုတ်ကတ်အတုပြုလုပ်ကာ မြန်မာနိုင်ငံအတွင်းရှိ ATM ငွေထုတ်စက်များမှ ငွေများလိမ်လည်ထုတ်ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းငွေထုတ်ကတ်အတုများဖြင့် ထုတ်ယူခဲ့ကြသောငွေများမှာ မြန်မာနိုင်ငံသား ငွေစုရှင်များ၏ အစုရှယ်ယာများနှင့် ပုဂ္ဂလိကဘဏ်အသီးသီးတို့မှ ထိခိုက်နစ်နာမှုမရှိဘဲ စိစစ်ဆဲ အခြားနိုင်ငံခြားသားများ၏ ငွေစာရင်းများ၊ (Accounts)များနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဘဏ်တို့နှင့် ချိတ်ဆက်ထားသည့်VISA ကုမ္ပဏီတို့မှ ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ATM ငွေထုတ်စက်များသည် သက်ဆိုင်ရာ နိုင်ငံခြားငွေကြေးအဖွဲ့အစည်းများမှ တာဝန်ယူတပ်ဆင်ပေးသော စက်များသာဖြစ်ပြီး အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဘဏ်များ၏ အားနည်းချက်ကြောင့် မဟုတ်ဘဲ ATM ငွေထုတ်စက်များ၏ အားနည်းချက်ကြောင့်ဖြစ်ရာ အဆိုပါ အားနည်းချက်များအပေါ် အခွင့်ကောင်းယူပြီး နည်းပညာကျွမ်းကျင်သည့် နိုင်ငံခြားသားပြစ်မှုကျူးလွန်သူများက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ပြည်သူများ၏ သတင်းပေးဆောင်ရွက်မှုအရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဘဏ်များမှ တာဝန်ရှိသူများ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ခဲ့သူများမှ ဖမ်းဆီးရမိသူများဖြစ်သည့် အင်္ဂလန်နိုင်ငံသား Mr.Niranjan Rasalingam၊ အိန္ဒိယနိုင်ငံသား Mr. Mathiyalagan Rajkumar၊ Mr. Pandian Balu နှင့် Mr. Muthaiya Dinesh Kumar တို့ လေးဦးနှင့် တရားခံပြေး အိန္ဒိယနိုင်ငံသား Mr. Sajagan Mohamed Arif တို့အပေါ် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ သက်ဆိုင်ရာရဲစခန်းများ၌ ပြစ်မှုဆိုင်ရာဥပဒေ၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေတို့အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကဘဏ်တစ်ခု၏ ATM ငွေ ထုတ်စက်အနီး၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ စောင့်ကြပ်ကြည့်ရှုလျက်ရှိစဉ် နိုင်ငံခြားသားတစ်ဦးအား မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ ATM ငွေထုတ်စက်တွင် ငွေထုတ်ကတ်အတုဖြင့် ငွေထုတ်ယူနိုင်ရန် ကြံစည်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ယင်းဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားမှာ ဘူလ်ဂေးရီးယားနိုင်ငံသား Mr.Dimo Velinov Ivanov ဖြစ်ပြီး ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် Memory Card တစ်ခုစီပါဝင်သော ဆားကစ် နှစ်ခု၊ ဘက်ထရီအသေး နှစ်ခု၊ ကပ်ခွာပြုလုပ်နိုင်သည့် သတ္တုပြား နှစ်ခု၊ Megnetic Card Skinner/Reader တစ်ခု၊ Dimo Ivanov အမည်ပါ Visa card တစ်ခု၊ Master Card တစ်ခုတို့နှင့်အတူ လက်ကိုင် ဖုန်း တစ်လုံး၊ ဘက်စုံသုံးဓားတစ် ချောင်း၊ မြန်မာငွေ(၁၇၁၀၀) ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် တစ်ရွက်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းကို ပြစ်မှုဆိုင်ရာဥပဒေ၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေတို့အရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သတင်းဆက် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရန် အတူပါဝင် ကြံစည်ဆောင်ရွက်ခဲ့သူ ဘူလ်ဂေးရီးယားနိုင်ငံသား Mr. Shmandurov Andon Ivinov သည် ပါဝင်ပတ်သက်မှုရှိကြောင်း ဖော်ထုတ်သိရှိရပြီး တိမ်းရှောင်ထွက်ပြေးလျက်ရှိကြောင်း စိစစ်သိရှိသည်။

သို့ပါ၍ အထက်ဖြစ်စဉ်(၂)ခု ကျူးလွန်ခဲ့ရာတွင် ပြည်သူများ၏ သတင်းပေးချက်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဘဏ်များမှ တာဝန်ရှိသူများ၏ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့မှုကြောင့် ပြစ်မှုကျူးလွန်သူ အင်္ဂလန်နိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသားသုံးဦးနှင့် ဘူလ်ဂေးရီးယားနိုင်ငံသားတစ်ဦး၊ စုစုပေါင်းနိုင်ငံခြားသား ငါးဦးအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး နိုင်ငံခြားသား တရားခံနှစ်ဦးသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ATM ငွေထုတ်စက်စနစ်များသည် မြန်မာနိုင်ငံ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် VISA ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ငွေထုတ်စနစ်ဖြစ်ပြီး ATM စက်နှင့် နည်းပညာရပ်များကို သက်ဆိုင်ရာ VISA ကုမ္ပဏီက တာဝန်ခံတပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ အရည်အသွေးနှင့် လုံခြုံမှုအားနည်းသော ATM စက်နှင့် နည်းပညာရပ်များ၏ အားနည်းချက်များကိုဖော်ထုတ်သုံးသပ်ပြီး နောင်အလားတူ ထပ်မံမဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံ ပုဂ္ဂလိကဘဏ်တို့နှင့်ချိတ်ဆက်ထားသည့် VISA ကုမ္ပဏီက ခေတ်မီ ATM ငွေထုတ်စက်များဖြင့် အစားထိုးလဲလှယ်နိုင်ရေးနှင့် လုံခြုံမှုစနစ်ပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ သက်ဆိုင်ရာနိုင်ငံများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ ပူးပေါင်း၍ သတင်းဆက်တရားခံများကို စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



၂၂-၁၁-၂၀၁၄ ရက်တွင် ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်မှ ငွေထုတ်ယူခဲ့သည့် အင်္ဂလန်နိုင်ငံသား **Mr.Niranjan Rasalingam**။




၂၂-၁၁-၂၀၁၄ ရက်တွင် ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်မှ ငွေထုတ်ယူခဲ့သည့် ဖြစ်စဉ်မှ ပူးပေါင်းပါဝင်ခဲ့သည့် အိန္ဒိယနိုင်ငံခြားသားများ။



၂၂-၁၁-၂၀၁၄ ရက်တွင် ပုဂ္ဂလိကဘဏ်များ၏ ATM ငွေထုတ်စက်မှ ငွေထုတ်ယူခဲ့သည့် ဖြစ်စဉ်မှ တရားခံပြေး အိန္ဒိယနိုင်ငံသား **Mr.Sajagan Mohamed Arif**။



ပြစ်မှုကျူးလွန်သူများအသုံးပြုခဲ့သည့် ATM ငွေထုတ်ကတ်အတုများ။




၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ATM ငွေထုတ်စက်အနီး ငွေထုတ်ယူရန်ကြံစည်ခဲ့သည့် ဘူလ်ဂေးရီးယားနိုင်ငံသား **Mr.Dimo Velinov Ivanov** အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။(ဝဲပုံ)နှင့် ယင်းဖြစ်စဉ်မှ တိမ်းရှောင်ထွက်ပြေးလျက်ရှိသည့် ဘူလ်ဂေးရီးယားနိုင်ငံသား **Mr.Shmandurov Andon Ivinov** (ယာပုံ)။



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ ဇင်းမယ်မြို့

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ယခုခေတ်မှာတော့ လူတိုင်းက ချင်းမိုင်မြို့ကို သိကြတယ်။ ထိုင်းနိုင်ငံရဲ့ ဒုတိယမြို့တော်ဖြစ်ပြီး မြောက်ပိုင်းရဲ့ အဓိကမြို့ဖြစ်ပါတယ်။ မြန်မာပြည်နဲ့လည်း ရှေးယခင်ကတည်းက ဆက်ဆံခဲ့တဲ့နေရာဖြစ်ပြီး ဇင်းမယ်လို့ အမည်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဇင်းမယ်အဆင် အထည်တွေ ခေတ်စားခဲ့တယ်။ မိဘများလက်ထက်က ဗန်ကောက်ပုဆိုးနဲ့ ဇင်းမယ်လုံချည်များကို ဝတ်ဆင်ခဲ့တာအမှတ်ရမိပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ဆောင်းပါးကို ချင်းမိုင်အစား ဇင်းမယ်လို့ သုံးစွဲလိုက်တာဖြစ်ပါတယ်။ လူငယ်စာဖတ်သူတွေကို အသိပေးချင်တဲ့ ဆန္ဒကြောင့်လည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့တစ်ပတ်က ကျွန်တော့်ဇနီးနဲ့အတူ ဇင်းမယ်ကို သွားခဲ့ပါတယ်။ ခရီးစဉ်ကို စီစဉ်ခဲ့တာက လွန်ခဲ့တဲ့ ခြောက်လကာလကတည်းက။ အစကတော့ လူငယ်တွေအတွက် ခေါင်းဆောင်မှုဘာသာရပ်နဲ့ ပတ်သက်ပြီး ဟောပြောပေးပါလို့ တောင်းခံလာလို့ ဖြစ်ပါတယ်။ ကျွန်တော့်အဖို့ လူငယ်ရယ်၊ ခေါင်းဆောင်မှုရယ် ဒီခေါင်းစဉ်နှစ်ရပ်စလုံးကို စိတ်ဝင်စားတာမို့ အလွယ်တကူပဲ လက်ခံခဲ့ပါတယ်။ ပွဲလုပ်မယ့်ရက်နီးတော့ အပြည်ပြည်ဆိုင်ရာ မြန်မာနှစ်ခြင်းခရစ်ယာန်အဖွဲ့က လူငယ်နဲ့ လူလတ်များရဲ့ညီလာခံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေတွေ တင်ပြပေးဖို့ စီစဉ်ထားပါတယ်။

**ဇင်းမယ်ကို ရန်ကုန်က တိုက်ရိုက်ပျံသန်းနေတဲ့ အဲပုဂံနဲ့သွားခဲ့ပါတယ်။ ရန်ကုန်လေယာဉ်ကွင်းရောက်တော့ ညီလာခံကိုသွားကြမယ့်သူတွေနဲ့ တွေ့ခဲ့ပါတယ်။ နာမည်ကြီးတဲ့ ကိုသူရ (ဇာဂနာ)၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ အဖွဲ့ဝင်ကိုဇော်သက်ထွေးနဲ့ဇနီး၊ နာမည်ကျော်အဆိုတော် စောဖိုးခွား လူစုံတက်စုံ။ ရန်ကုန်က ဇင်းမယ်ခရီးက ၁ နာရီခွဲလောက် ကြာမြင့်ပါတယ်။ ဇင်းမယ်မြို့ရောက်တော့ ညီလာခံ စီစဉ်သူတွေက လာကြိုနေကြတယ်။ ကျွန်တော်တို့ နှစ်ယောက် မစောင့်နိုင်တာနဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ညီလာခံလုပ်မယ့် ဟိုတယ်ကို ထွက်ခဲ့တယ်။ ဟိုတယ်ရောက်တော့ ညီလာခံ စီစဉ်နေကြတဲ့သူတွေက ပျူပျူငှာငှာ ကြိုဆိုပြီး နေတဲ့အခန်းကို လိုက်ပို့ပေးပါတယ်။ ရေမိုးချိုးပြီး ညစာစားဖို့ ထမင်းစားဆောင်ကို သွားခဲ့တယ်။ ထမင်းစားဆောင်မှာ လူတွေကအပြည့်၊ သိတဲ့သူတွေရော၊ မျက်နှာစိမ်းတွေရော ထူးခြားတာက လူငယ်တွေက အများစု။ သူ့အုပ်စုနဲ့သူစုဝေးပြီးစားသောက်နေကြတယ်။**

ထမင်းစားပြီး ကျွန်တော်တို့နှစ်ယောက် ဟိုတယ်အနီးမှာရှိတဲ့ ညဈေးကို သွားခဲ့တယ်။ ဇင်းမယ် မြို့ရဲ့ ထူးခြားချက်က ညဈေးတွေ နေရာတိုင်းရှိတယ်။ ဒီညဈေးတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်မှုပေးခဲ့ပါတယ်။ ဒီညဈေးစနစ်ကို မြန်မာပြည်မှာ အထူးသဖြင့် ရန်ကုန်မြို့မှာ စဉ်းစားသင့်ပါတယ်။ ညဈေးကို ညဈေးအဖြစ် မသုံးသပ်ဘဲ အလုပ်အကိုင်အခွင့်အရေး ဖော်ထုတ်မှု၊ စီးပွားရေးကို အထောက်အပံ့ဖြစ်မှု နည်းဗျူဟာများအဖြစ် သုံးသပ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်သတိပြုမိတာက ဒီညဈေးတွေ ဖွင့်လှစ်ပြီး ပိတ်ချိန်ရောက်တဲ့အခါ ဈေးသည်တွေဟာ မိမိဖွင့်လှစ်တဲ့နေရာကို သန့်ရှင်းရေး ကျကျနန လုပ်ပေးပါတယ်။ အဓိပ္ပာယ်က ညဈေးဖွင့်ခွင့်ရတဲ့ အခွင့်အရေးနဲ့အတူ တာဝန်ယူမှု၊ တာဝန်ခံမှုကို ပူးတွဲကျင့်သုံးနေတာပဲ ဖြစ်ပါတယ်။

ညီလာခံရဲ့ ပထမနေ့မှာ ကျွန်တော့်ကို အချိန် ၁ နာရီခွဲပေးပါတယ်။ ခေါင်းစဉ်က "မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးအခြေအနေ" ဖြစ်ပါတယ်။ စင်မြင့်ပေါ်တက်ပြီး ခန်းမထဲက ပရိသတ်ကိုကြည့်လိုက်တော့ လူငယ်တွေ၊ လူလတ်တွေ ခန်းလုံးပြည့်။ တချို့တွေက တိုင်းရင်းသား ဝတ်စုံတွေ ဝတ်ဆင်ထားကြတယ်။ ကြားသိရတာက မြန်မာပြည်က ၃၀၀ ခန့်ရှိပြီး နိုင်ငံရပ်ခြားက တက်ရောက်လာသူတွေက ၂၀၀ ကျော်လောက်ရှိကြတယ်။

ကျွန်တော်က လူငယ် လူလတ်တွေကို ကိုယ့်နိုင်ငံမှာဖြစ်နေတဲ့ ပကတိအခြေအနေကို ကျကျနနပြည့်ပြည့်စုံစုံသိစေချင်တယ်။ အားလုံးကောင်းတာ မဟုတ်သလို အားလုံးမကောင်းတာလည်း မဟုတ်ပါဘူး။ တိုးတက်တာတွေရှိသလို မပြည့်စုံမှုပေါ်လည်း အများကြီးရှိပါတယ်။ နိုင်ငံခြားရောက်နေတဲ့ မြန်မာလူငယ်လူလတ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အဖိုးတန်လှတဲ့ သယံဇာတတွေဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာ ပုံစံအမျိုးမျိုးနဲ့ လှုပ်ရှားပေးတဲ့ အားလုံးဟာ ကျွန်တော်တို့ရဲ့ သား၊ သမီးတွေသာ ဖြစ်တယ်။ မြန်မာပြည်ကို ပြန်လာခြင်း၊ မလာခြင်းဟာ တစ်ဦးတစ်ယောက်ချင်းရဲ့ အဆုံးအဖြတ်သာဖြစ်ပါတယ်။ ကိုယ်ပိုင်ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်တယ်။ မြန်မာနိုင်ငံမှာ အခွင့်အရေးတွေပေါ်များလာတာနဲ့အမျှ သူတို့အနေနဲ့ အဆုံးအဖြတ်တွေ လုပ်ကြမှာသာ ဖြစ်ပါတယ်။

ထူးခြားချက်တစ်ရပ်က ၂၀၀၆ ခုနှစ်ကစပြီး မိမိနိုင်ငံမှ ထွက်ခွာပြီး အခြားနိုင်ငံမှာ အလုပ်လုပ်တဲ့သူတွေအနေနဲ့ ကျန်ရစ်တဲ့ မိသားစုကိုပြန်ပို့တဲ့ငွေပမာဏဟာ ချမ်းသာတဲ့နိုင်ငံတွေက ဆင်းရဲတဲ့နိုင်ငံတွေကို အထောက်အပံ့ပေးတဲ့ Official Development Assistance (ODA) ပမာဏထက် ကျော်သွားတာ တွေ့ရပါတယ်။

တစ်နည်းပြောရရင် နိုင်ငံခြားမှာထွက်ပြီး အလုပ်လုပ်တဲ့သူတွေရဲ့ အရေးပါမှုကို ဖော်ထုတ်တာပဲ ဖြစ်ပါတယ်။ မြန်မာပြည်မှာ ပြောင်းလဲမှုတွေကြောင့် လူငယ်လူလတ်တွေအတွက် အခွင့်အလမ်းမျိုးစုံပေါ်ပေါက်နေပါတယ်။ တစ်ခုတော့ရှိပါတယ်။ အခွင့်အလမ်းရှိရုံနဲ့ မလုံလောက်ပါဘူး။ အခု ဒီအခွင့်အလမ်းကို ရနိုင်အောင် လူငယ်လူလတ်တွေက မိမိရဲ့အရည် အသွေးတွေ၊ ကျွမ်းကျင်မှုတွေလုပ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ အရည်အသွေးရှိသူတွေအတွက် အခွင့်အရေးတွေ အများကြီး ရှိပါတယ်။ လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့သာ အရေးကြီးပါတယ်။

**ကျွန်တော်က အစီအစဉ်ထဲ မပါပေမယ့် အမေး၊ အဖြေ လုပ်ခွင့်ပြုခဲ့တယ်။ မေးခွန်းတွေက သိပ်ကောင်းပါတယ်။ စိတ်ဝင်တစားနဲ့ မေးကြတာ တွေ့ရတယ်။ သိချင်လို့မေးကြတာ။ ရန်ကုန်မှာ လုပ်တဲ့ဆွေးနွေးပွဲတွေမှာ တစ်ခါတစ်ရံ အခက်အခဲ ကြုံတွေ့ရပါတယ်။ သိချင်လို့ မေးတာမျိုး မဟုတ်ဘဲ ကိုယ်ဘယ်လောက်သိတယ် တတ်တယ်ဆိုတာကို ပြချင်ကြတဲ့သူတွေ၊ ကသိကအောက် မေးမှ ကျေနပ်ကြတဲ့သူတွေ ပုံစံအမျိုးမျိုးပေါ့။ အခု တော့ စိတ်လဲကြည်ကြည်လင်လင်နဲ့ သိချင်တဲ့စိတ်နဲ့ မေးကြတာမို့ ကျွန်တော့်အနေနဲ့ ဖြေရတာအားရမိပါတယ်။ တစ်ခုတော့ ရှိပါတယ်။ နောက်ဆုံးမေးခွန်းတစ်ခုက မြန်မာပြည်မှာ ဖြစ်နေတဲ့ စာမေးပွဲစနစ်အကြောင်းဖြစ်တယ်။ မေးတဲ့ အကြောင်းရင်းကို သဘောပေါက်ပါတယ်။ ဖြစ်တဲ့ အခြေအနေကိုလည်း သိတယ်။ ဒါပေမယ့် ဘာဖြေဖြေ အခက်အခဲနဲ့ကြုံရမှာမို့ ကျွန်တော်က ယုန်ကလေးရဲ့ ပုံပြင်ထဲကလို နှာစေးနေတယ်လို့ ဖြေလိုက်ပါတယ်။**

နောက်တစ်နေ့မှာ ဇင်းမယ်မြို့ အနီးရှိတဲ့ ဘုရင်မကြီးရဲ့ ပန်းခြံကို သွားလည်ကြတယ်။ ဈေးတန်းလျှောက်ကြည့်တဲ့အခါ ဒေသခံပစ္စည်းတွေ ရောင်းနေတာတွေ့ရတယ်။ ထိုင်းနိုင်ငံမှာ ဒေသခံပစ္စည်း ရောင်းချမှုက အတော်လေး ဖွံ့ဖြိုးနေတယ်။ သူတို့မှာ OTOP ဆိုတဲ့ဆိုင်တွေ နေရာ အနှံ့မှာ ဖွင့်ထားတယ်။ OTOP ဆိုတာက One Tambon, One Product- Tambon လို့ခေါ်တဲ့ ကျေးရွာ အုပ်စုတစ်စုမှာ ပစ္စည်းတစ်မျိုးကို ဦးစားပေးထုတ်လုပ် ရောင်းချတာဖြစ်တယ်။ အလွန်ကောင်းတဲ့ အစီအစဉ် တစ်ခုဖြစ်တာမို့ ကျွန်တော်တို့ဆီလည်းလုပ်ဖို့ စီစဉ်နေ တာ တွေ့ရတယ်။ ဘုရင်မကြီးရဲ့ ပန်းခြံက သိပ်ကိုလှပတာ၊ အနီးစပ်ဆုံးက ပြင်ဦးလွင်မှာရှိတဲ့ ပန်းခြံနဲ့ အတူတူပါပဲ။ ပန်းမျိုးစုံ ထူးခြားတာတစ်ခုက ဝါးပိုးဝါးပင်ကြီးတွေ။ ဝါးပင်ကြီးရှေ့မှာ ရေးထားတဲ့စာကို ဖတ်ကြည့်တော့ လွန်ခဲ့တဲ့ ၂၁ နှစ်လောက်က ဘုရင်နဲ့ ဘုရင်မကြီး မြန်မာပြည်ရောက်တုန်း လက်ဆောင်အဖြစ်ရခဲ့တဲ့ ပျိုးပင်ကို စိုက်ထားတာတဲ့။ အခုတော့ ဝါးပင်ကြီးတွေက အကြီးကြီး ဖြစ်နေပြီ။

ညဘက်မှာ ဇင်းမယ်မြို့မှာ နာမည်ကြီးတဲ့ Night Safari ကို သွားခဲ့ကြတယ်။ သားကောင်တွေထားတဲ့ တိရစ္ဆာန်ရုံကို ညဘက်မှာဖွင့်ပြီး ကားနဲ့ လျှောက်ကြည့်ရတာ။ ညဖြစ်လို့ ဘာမှမမြင်ရပေမယ့် ကားပေါ်မှာပါတဲ့ မီးတွေဖွင့်လိုက်တဲ့အခါ ဆင်တွေ၊ ကျားတွေ၊ ဝက်ဝံတွေ၊ သမင်တွေ၊ အကောင်တွေက အစုံပါပဲ။ ညဘက်မှာ အိပ်တန်းတက်နေကြတဲ့ သားကောင်တွေကို မြင်ရတဲ့ ရှုခင်းက တစ်မျိုးဆန်းတာပါပဲ။ ယဉ်ပါးနေလို့ထင်ပါရဲ့။ မီးထွန်းတဲ့အနီး သားကောင်တွေ ကပ်လာပြီး အစာတောင်းကြတယ်။ သမင်တွေ၊ တောဝက်တွေ၊ ကျားတွေ၊ ခြင်္သေ့တွေတော့ မပါပါဘူး။ နိုင်ငံတော်တော်များများမှာရှိတဲ့ Night Safari ရောက်ဖူးခဲ့ပေမယ့် အခုလောက် မကောင်းဘူး၊ မခမ်းနားဘူး။ စင်ကာပူမှာ ဆိုရင် အဖြစ်လောက်ပြထားတာ။

**နောက်နေ့မှာ ညီလာခံကို တက်ဖြစ်တယ်၊ ဆောင်ရွက်ခဲ့သမျှကို အခမ်းအနားစီစဉ်သူတွေက သုံးသပ်ကြတယ်။ တက်ရောက်လာသူတွေကလည်း အကြံဉာဏ်တွေပေးကြတယ်။ "အခုလိုခရစ်ယာန် လူငယ်လူလတ် ၅၀၀ လောက် စုဝေးကြတဲ့အခါ အားရမိတယ်၊ ကျေနပ်မိတယ်။ သူတို့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ် တွေဖြစ်တယ်။ အထူးသဖြင့် တိုင်းရင်းသား လူငယ်လူလတ်တွေ၊ သူတို့ရဲ့အမြင်၊ သူတို့ရဲ့ သဘော၊ သူတို့ရဲ့ အိပ်မက်တွေကို သိဖို့လိုတယ်။ ကျွန်တော်တို့ တစ်တွေဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူတွေဖြစ်ပါတယ်။ ဘာသာအယူအဆမတူတာ၊ လူမျိုးနွယ်မတူတာထက် အရေးကြီးတာက ကျွန်တော်တို့အားလုံး မြန်မာပြည်သူတွေ ဖြစ်ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့၊ သည်းခံဖို့၊ စာနာဖို့လိုတယ်၊ အထူးသဖြင့် လူများစုက လူနည်းစုကို ပိုပြီးဂရုစိုက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေဟာ ယုံကြည်မှုတွေ အားနည်းလို့၊ လျော့ပါးလို့ ဖြစ်တယ်လို့ သုံးသပ်မိတယ်။**

ယုံကြည်တည်ဆောက်နိုင်ဖို့ ကိုယ်ကစရမှာ။ ပွင့်လင်းမြင်သာမှုရှိဖို့လိုအပ်တယ်။ နားထောင်တတ်တဲ့ အင်အားတွေမွေးရမယ်။ ကိုယ်လည်းမှန်တယ်၊ သူလည်း မမှားဘူးဆိုတဲ့စိတ်ရှိရမယ်။ သံသယတွေများပြီး စိတ်ပူစိုးရိမ်စိတ်တွေရှိနေရင် ခက်ခဲမှာဖြစ်တယ်။

ယုံကြည်မှုတည်ဆောက်ရာမှာလည်း တစ်ယောက်နဲ့ တစ်ယောက်တွေ့ကြ၊ဆုံကြ၊ ပြောကြဆိုကြ၊ ငြင်းကြခုန်ကြ၊ ဒီလိုနဲ့ ဖြေရှင်း ကြရမှာဖြစ်တယ်။ အများဆုံးကတော့ Mindset ပဲ ဖြစ်ပါတယ်။ စိတ်ထား၊ စိတ်ဓာတ်။ မြန်မာပြည်သူပြည်သားတိုင်း တိုင်းပြည်ကို တိုးတက်စေချင်တယ်၊ ချမ်းသာစေချင်တယ်၊ အေးချမ်းစေချင်ကြပါတယ်၊ "အေးအတူပူအမျှ" ဆိုတဲ့ စိတ်ထားထားရှိဖို့ လိုပါတယ်။ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိဖို့ အထူးလိုအပ်လှပါတယ်။

**ကျွန်တော်က အမြဲအကောင်းမြင်တဲ့စိတ်ရှိတယ်။ ပြဿနာရှာတာထက် အဖြေကို ပိုပြီးစိတ်ဝင်စားတယ်။ ကျွန်တော်တို့ အနာဂတ်ဟာ လှပါတယ်။ တိုင်းရင်းသားတွေ အချင်းချင်းရင်းနှီးချစ်ခင်ကြပြီး မေတ္တာကို ရှေ့တန်းတင်ပြီး အနာဂတ်ကို ဆီးကြိုကြပါစို့။**

> ကျွန်တော်တို့တစ်တွေဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူတွေဖြစ်ပါတယ်။ ဘာသာအယူအဆမတူတာ၊ လူမျိုးနွယ်မတူတာထက် အရေးကြီးတာက ကျွန်တော်တို့ အားလုံး မြန်မာပြည်သူတွေ ဖြစ်ကြပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် နားလည်ဖို့၊ သည်းခံဖို့၊ စာနာဖို့လိုတယ်၊ အထူးသဖြင့် လူများစုက လူနည်းစုကို ပိုပြီးဂရုစိုက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေဟာ ယုံကြည်မှုတွေ အားနည်းလို့၊ လျော့ပါးလို့ ဖြစ်တယ်လို့ သုံးသပ်မိတယ်။

## မိတ္ထီလာမြို့ ရှောင်လမ်းပြီးစီးအောင် အမြန်ဆုံးဖောက်လုပ်ပေးရန် လိုအပ်လျက်ရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၂၁**

မိတ္ထီလာမြို့တွင်းလမ်းများတွင် ခရီးလမ်းငါးသွယ်မှ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်လျက်ရှိသောကြောင့် ယာဉ်ကြောရှုပ်ထွေး ထူထပ်၍ ယာဉ်အန္တရာယ်ဖြစ်နိုင်ခြင်း၊ မြို့တွင်းလမ်းများ၏ သတ်မှတ်ခံနိုင်ရည်အား ကျော်လွန်သည့် တန်ချိန်(ကုန်)များ တင်ဆောင်မောင်းနှင်ခြင်းများသည် အချိန်ကာလမတိုင်



မီလမ်းများပျက်စီးစေခြင်းတို့ကြောင့် မိတ္ထီလာမြို့ရှောင်လမ်းကို ပြီးစီးအောင် သက်ဆိုင်ရာက အမြန်ဖောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"မြို့ရှောင်လမ်းပြန်လည်ဖောက်လုပ်ဖို့အတွက် လွန်ခဲ့သည့်နှစ်နှစ်လောက်က မိတ္ထီလာကို Delivery Unit အဖွဲ့လာစဉ်ကလည်း တင်ပြခဲ့တယ်။ အဲဒီတုန်းက သက်ဆိုင်ရာ ကုမ္ပဏီက ၂၀၁၃ ခုနှစ် ဇူလိုင်လလောက်မှာပြီးစီးအောင် ဖောက်လုပ်ပေးမယ်လို့ ဖြေကြားခဲ့တယ်။ ၂၀၁၄ အစောပိုင်းကာလအထိ မြို့ရှောင်လမ်းဖောက်လုပ်မှုကို ဆောင်ရွက်ပေမယ့် အခုနောက်ပိုင်း ပြန်ရပ်နားထားတယ်။ သပြေဝလမ်းဆုံကနေ မြာရေဝကျေးရွာလမ်းဆုံအထိ ၁၂ မိုင်ခန့်ရှိတဲ့ မြို့ရှောင်လမ်းဖောက်လုပ်မှုဟာ အခုဆို ပျဉ်သာ-ကျိတ်ပုလဲကျေးရွာအနီးအထိပဲ ပြီးစီးသေးတယ်။ လုပ်ငန်းကို ရပ်နားထားတာလည်း တွေ့ရတယ်။ မြို့တွင်းလမ်း ယာဉ်ကြီးတွေ ဖြတ်သန်းသွားလာမှုများတာကြောင့် မကြာခဏပျက်စီးနေပြီး ယာဉ်ကြောရှုပ်ထွေး ကျပ်တည်းမှုလည်း နေ့စဉ်ကြုံနေရတယ်။ ဒါကြောင့် မြို့ရှောင်လမ်းကို အမြန်ဆုံးဖောက်လုပ်ပြီးစီးချင်တယ်" ဟု မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

## စလင်းမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ရွာမှတ်-ပေါက်ရင်းကုန်း ကျေးရွာချင်းဆက် မြေနီကျောက်စရစ်လမ်း တစ်မိုင်၊ ၁၀ ပေ ခင်းခြင်း လုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေကျပ် သန်း ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

မြေနီကျောက်စရစ်ခင်းခြင်း ပြီးစီးပါက ကျေးရွာလေးရွာမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ရာသီမရွေးသွားလာနိုင်ရေး အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

ပြည်တွင်းသတင်း

# အနည်းဆုံးအခကြေးငွေသတ်မှတ်ချက်ကြောင့် အလုပ်ရှင်ရော အလုပ်သမားများအပေါ်မှာပါ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်



**နေပြည်တော် ဒီဇင်ဘာ ၂၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားတက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO) ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒေါ်ခိုင်ခိုင်နွယ်နှင့်အလုပ်ရှင်များ၊ မြန်မာနိုင်ငံဖိနပ်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မင်းနှင့်အလုပ်ရှင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးနှင့် MMRD မှ ဦးအောင်မင်း၊ တာဝန်ရှိသူများနှင့် အလုပ်ရှင်စုစုပေါင်း(၅၀) ခန့် တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အနည်းဆုံးအခကြေးငွေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇) အဖြစ် ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းထားပြီး ဖြစ်သလို အနည်းဆုံး အခကြေးငွေနည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်နှင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြီးသည့်နောက်မှာ အနည်းဆုံးအခကြေးငွေ နည်းဥပဒေပုဒ်မ-၃အရ အဖွဲ့ဝင်စုစုပေါင်း (၂၇)ဦး ပါဝင်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ဥပဒေနှင့်နည်းဥပဒေများအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ် (၅) ရပ်ဖြစ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ အစည်းအဝေးများကျင်းပခြင်းနှင့် မေးခွန်းလွှာများဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း၊ အကြံပြုချက်များ ပြန်လည်စုစည်းခြင်း၊ အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ခြင်းနှင့် အတည်ပြုအနည်းဆုံး အခကြေးငွေ ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုလိုလုပ်ငန်းစဉ်များသတ်မှတ်ပြီးနောက် လုပ်ငန်းစဉ် ပထမအဆင့်ဖြစ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ ကော်မတီများဖွဲ့စည်းခဲ့ပြီး ဒုတိယအဆင့်ဖြစ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများကဦးစီးပြီး အလုပ်ရှင်နှင့်အလုပ်သမားများပါဝင်သည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ စစ်တမ်း ကောက်ယူခြင်းအပိုင်းတွင် Myanmar Development Research Institute (MDRI) နှင့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဖြစ်သည့် ILOတို့ပူးပေါင်းပြီး ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များကိုကွင်းဆင်းကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများတွင်လည်း Base Line Survey စစ်တမ်းကောက်ယူနိုင်ရန် MMRD ကို တာဝန်ပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှန်တကယ် အားဖြင့်တော့ အလုပ်သမားထုအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းကို သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားများ၏ သဘောတူညီချက်နှင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ၎င်းတို့ သဘောတူညီသည့်ပမာဏကို နိုင်ငံတော်အစိုးရအနေနှင့်စိစစ်အတည်ပြုပေးဖို့ပင်ရှိပါကြောင်း၊ သို့သော်လည်း အခုအချိန်အထိ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဖြစ်သော်လည်း အလုပ်သမားနှင့်အလုပ်ရှင်များကြားတွင် သဘောတူညီချက်မရရှိနိုင်သေးသည့်အတွက် နိုင်ငံတော်အစိုးရအနေနှင့်ကြားဝင်ပြီး ဆောင်ရွက်ပေးနေရသည့်နေရာမှာ အထောက်အကူပြုနိုင်ရန် အခြေခံအချက်အလက်များ ရှိရန်လိုပါကြောင်း၊ သတ်မှတ်ပေးမည့် နှုန်းထားသည် အလုပ်ရှင်ရော အလုပ်သမားအတွက်ပါ အဆင်ပြေနိုင်မည့် လက်တွေ့ကျသည့် နှုန်းထားဖြစ်ရန်လိုသည့်အတွက် ယခုလိုတိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဆင်းပြီး အချက်အလက်များ ကောက်ယူနေရခြင်းဖြစ်၍ အချိန်ဆွဲပြီးဆောင်ရွက်နေသည်ဟု မမြင်မိကြရန်လည်းလိုပါကြောင်း၊ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်အလိုက် စနစ်တကျ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပြီး အမှန်တကယ် အကောင်အထည်ဖော်ရာတွင်လည်း အသေးစိတ် ဆောင်ရွက်ရမည့်အခြေအနေများ၊ အခက်အခဲများလည်းရှိနေသကဲ့သို့ သတ်မှတ်ပေးလိုက်သည့် နှုန်းထားသည် အလုပ်သမားရော အလုပ်ရှင်အတွက်ပါ Win - Win Situation ရနိုင်မည့် နှုန်းထားမျိုးဖြစ်ရန်လိုပါကြောင်း။

အလုပ်သမားများအတွက် အနိမ့်ဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရန် ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များစွာ ရှိနေသည့်အတွက် ယင်းတို့ကို အပြည့်အစုံထည့်သွင်းစဉ်းစားတွက်ချက်ရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်သကဲ့သို့ အလုပ်သမားများဘက်က ကြည့်ပြန်လျှင်လည်း ၎င်းတို့အတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်ရေးသည် အရေးကြီးပြီး တတ်နိုင်သမျှမြန်မြန်လုပ်ပေးရန် တောင်းဆိုနေကြသည့်အတွက် တတ်နိုင်သမျှလည်းမြန်အောင်ဆောင်ရွက်ပြီး သတ်မှတ်ပေးလိုက်သည့် အခကြေးငွေသည်လည်း အလုပ်ရှင်ရော အလုပ်သမားအတွက်ပါ ထိရောက်မှုရှိပြီးလက်တွေ့ကျတဲ့ ပမာဏဖြစ်ရန်လည်း လိုအပ်သည့်အတွက် ယင်းနှစ်ခုကြားတွင် အတတ်နိုင်ဆုံးမြန်မြန်နှင့် ထိထိရောက်ရောက်ဖြစ်ရန် ဘက်ပေါင်းစုံကစဉ်းစားပြီး စေတနာနှင့်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်ရေးကိစ္စသည် Sensitive ဖြစ်သည့်ကိစ္စဖြစ်သဖြင့် အလုပ်သမားများ၏ ရေရှည်အကျိုးစီးပွားအတွက် အဘက်ဘက်က လွှမ်းခြုံစဉ်းစားပြီး စိတ်ရှည်ရှည်နှင့် လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များအားလုံးကို စိစစ်ထည့်သွင်းပြီး မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်များအတွက် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံးနှင့် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့က အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ဆွေးနွေးရရှိမှုများကို အလုပ်ရှင် ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့သည်။ ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall နှင့် MMRD မှ ဦးအောင်မင်းတို့က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာကျင့်ထုံးများနှင့်နှိုင်းယှဉ်ကာ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံလိုအပ်ချက်၊ ဈေးကွက်အနေအထားနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့နှင့် ဆက်စပ်နေမှုများအပြင် လက်တွေ့ကျသည့် လုပ်ဆောင်ချက်များဖြင့် အနည်းဆုံးအခကြေးငွေကိုသတ်မှတ်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်နွယ်၊ ရွှေနန်းတော် ရွှေဆိုင်မှ ဒေါ်သက်သက်ခိုင်၊ Asia General Electric မှ ဦးခင်မောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၊ အေးငြိမ်းသီတာဆေး ထုတ်လုပ်ရေးမှ ဦးမြင့်ဇော်၊ ထီးလုပ်ငန်းရှင်ဦးသန်းလွင်၊ ကျောက်မျက်လုပ်ငန်းရှင်ဦးသာထွန်းတို့က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ကြုံတွေ့လာနိုင်သည့်အခက်အခဲများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် ပတ်သက်ပြီး အလုပ်ရှင်များ၏ အခက်အခဲများကို မိမိတို့ကောင်းစွာသဘောပေါက်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အနည်းဆုံးအခကြေးငွေကိုအလုပ်ရှင်ရော အလုပ်သမားများပါလက်ခံနိုင်သည့် နှုန်းထားတစ်ရပ်ဖြစ်အောင် သတ်မှတ်ပေးသွားလိုပါကြောင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ချက်ကြောင့် အလုပ်ရှင်ရော အလုပ်သမားများအပေါ်မှာပါ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အထူးသတိထားပြီး မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့ လိုက်နာဆောင်ရွက်နိုင်မည့် ပမာဏဖြစ်ရန်လည်း အရေးကြီးပါကြောင်းနှင့်ယခုကဲ့သို့ အလုပ်ရှင်များက အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားခဲ့သည့်အတွက် အလုပ်ရှင်များကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားပြီးဆုံးခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အနေဖြင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများကို တိုင်းဒေသကြီး/ပြည်နယ်များအတွင်း (၂၇) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီအဆင့် ညှိနှိုင်းအစည်းအဝေးများကိုလည်း (၅) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ယခုဆွေးနွေးပွဲမှ အနည်းဆုံးအခကြေးငွေကို အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးညှိနှိုင်းမှုများဖြင့် လုပ်ငန်းအလိုက်နှင့် နေရာဒေသအလိုက် သတ်မှတ်နိုင်ရေးအတွက် စာရင်းဇယားများ မှန်မှန်ကန်ကန်ကောက်ယူပြီး အမှန်တကယ် အကျိုးရှိမည့် အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အနည်းဆုံး အခကြေးငွေ သတ်မှတ်ချက်ကြောင့် အလုပ်ရှင်ရော အလုပ်သမားများအပေါ်မှာပါ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်ပါ များစွာအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်**

---

### ရွှေဖုံးမှ

တစ်ဖန် လူမှုဖူလုံရေး အာမခံကြေး ထည့်ဝင်ထားသည့် အလုပ်သမားများ ကျန်းမာရေးကုသစောင့်ရှောက်မှု အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးမှု၊ ကုသမှု၊ ဆေးဝါးများကို လူမှုဖူလုံရေးဆေးခန်းများနှင့် ရန်ကုန်၊ မန္တလေးမြို့တို့ရှိ အလုပ်သမားဆေးရုံကြီးများ၌ အခမဲ့ ကုသစောင့်ရှောက်ပေးလျက်ရှိသည်။

ထို့အပြင် အလုပ်သမားများ၏ ကျန်းမာရေးအတွက် အချိန်ကုန်မှု၊ အလုပ်အကိုင်ပျက်မှုများ မဖြစ်စေရန် နယ်လှည့်ဆေးကုသယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အခမဲ့ ဆေးကုသပေးမှုများလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ရန်ကုန်နှင့် မန္တလေးမြို့များ၌ရှိသော အလုပ်သမားဆေးရုံများ၌ ဆေးဝါးကုသမှုခံယူသည့် အလုပ်သမားများအတွက် တိုင်းရင်းဆေးခန်း ထားရှိပေးခြင်းသည် တိုင်းရင်းဆေးဝါးများနှင့် ကုသခြင်းအပေါ် လူနာများ၏ ယုံကြည်အားကိုးမှုရှိနေသဖြင့် ဘက်ပေါင်းစုံမှ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ထားရှိပေးသွားရေး ဆောင်ရွက်နေခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

**နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့**

### ❄ ကျောဖုံးမှ

ထို့အပြင်မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် မူဆယ်မြို့ကြား ပြည်ထောင်စုလမ်းမကြီး၌ နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုများ ကြုံတွေ့နေရခြင်းကြောင့် မြို့ရှောင်လမ်းအသစ် ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်သွယ်မှုပမာဏတိုးတက်လာသည့်အတွက် ကုန်တင်ယာဉ်များ ငါးဆခန့် ပိုမိုများပြားလာသဖြင့် လက်ရှိကုန်စစ်ကွင်း ၄၈ ဒသမ ၅၆ ဧကသည် များစွာကျဉ်းကျပ်ခြင်း၊ မူဆယ်ကုန်သွယ်ရေးဇုန်၊ ပြည်ထောင်စုလမ်းမကြီးနှင့် မန်ဝိန်းဂိတ်အထိ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းက ပြောသည်။

မူဆယ်ကနေ မန်ဝိန်းဂိတ်အထိ လမ်းက ယာဉ်သွားလာမှုများခြင်း၊ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများခြင်း၊ မြို့အဝင်မှာရှိသည့် Asia World ကတ္တားသည်လည်း အချိန်စောင့်ဆိုင်းရသည့်အတွက် ပိုမိုကြန့်ကြာခြင်း၊ အကွေ့အကောက်ပေါ်များသည့် လမ်းဖြစ်ခြင်းနှင့်ကုန်တင်ယာဉ်များ မူဆယ်မြို့အတွင်း ဖြတ်သန်းနေရသည့်လမ်းကြောင်းဖြစ်ပါကြောင်း ပြောကြားသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှုများသည့်ကာလများတွင် နေ့စဉ်ပို့ကုန်/သွင်းကုန်ယာဉ်အစီး ၈၀၀ မှ ၁၄၀၀ ခန့်အထိရှိပြီး ပြည်ထောင်စုလမ်းမကြီးတွင်ကုန်တင်ယာဉ်များ၊ ခရီးသည်ယာဉ်များ၊ လူစီးယာဉ်၊ ကိုယ်ပိုင်ယာဉ်များနှင့်ဆိုင်ကယ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ နှောင့်နှေးကြန့်ကြာမှုနှင့် ယာဉ်မတော်တဆမှုများဖြစ်ပွားလျက်ရှိသည်။

ထို့အပြင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့နေသည့် ယာဉ်အများစုသည် ကြူကုတ်(ပန်ဆိုင်း)(လမ်းအရှည် ၁၂ မိုင် ၆ ဖာလုံ)လမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်သို့နေ့စဉ်ယာဉ်အစီးရေ ၆၀၀ ကျော် တင်ပို့လျက်ရှိပြီး ကုန်သွယ်မှုပမာဏ တိုးတက်လာသည်နှင့်အမျှ နေ့စဉ်သစ်သီး တင်ပို့နေသည့် ယာဉ်အစီးရေမှာ ပိုမိုလာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကုန်သွယ်ရေးဇုန်ကနေ ကြူကုတ်၊ ပန်ဆိုင်းအထိ ကုန်တင်ယာဉ်ကြီးတွေပိတ်ဆို့တဲ့အတွက် သုံးနာရီခန့် မောင်းနှင်နေရသည့်အပြင် ကြူကုတ်ပန်ဆိုင်းမြို့တွင်းမှာလည်း ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေကြောင်း ပြောသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နေ့စဉ်ယာဉ်စီးရေ ၁၄၀၀ ခန့်ဖြစ်ပေါ်လာပြီး ကုန်သွယ်မှုပမာဏမှာ ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ ၃၆၀၉ သန်းခန့် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၀၆၁ သန်း ဆောင်ရွက်နိုင်ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၆၈၅ သန်းပိုမိုဆောင်ရွက်နိုင် ခဲ့ကာ ပို့ကုန်သွင်းကုန်ယာဉ်အရေ အတွက် ပိုမိုများပြားလာခဲ့ကြောင်း ၎င်းက ဆိုသည်။

## ပြည်တွင်းသတင်း

**✻ ကျောဖုံးမှ**

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်စမ်းစမ်းမြင့်နှင့် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်သင်းသင်းထွေးနှင့်အဖွဲ့ ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဌနှင့် အသင်းဝင်များ လာရောက်၍ ကူညီစောင့်ရှောက် ပံ့ပိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်မှုကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ နေ့မှာပင်လူနာ ၂၄ ဦးအား ခွဲစိတ်ကုသမည်ဖြစ်ကြောင်း၊ စာရင်းအရ တိုင်းဒေသကြီးအတွင်း လူနာ ၁၁၅ ဦးရှိကြောင်းလည်း သက်ဆိုင်ရာတာဝန်ရှိသူက ပြောသည်။

အဆိုပါ ဆင်းရဲနွမ်းပါးသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အခမဲ့ခွဲစိတ်ကုသပေးမှုကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

**✻ ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးသိန်းညွန့်၊ ဦးမောင်မြင့်၊ ဒေါက်တာသန်းအောင်၊ ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ကြိုဆို နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်၌ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ပို့ဆောင် နှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)

# သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

သာယာဝတီမြို့ ဆရာစံခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ မိုးညို၊ ကြို့ပင်ကောက်၊ နတ်တလင်း၊ ဇီးကုန်းမြို့နယ် ရှစ်မြို့နယ်မှ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဝါးနှင့်ကြိမ်ထုတ်လုပ်သူအစုအဖွဲ့များ၊ ဒေသခံဝါးထုတ်လုပ်သူများအား ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တွေ့ဆုံ၍ သာယာဝတီခရိုင်အတွင်း မြို့နယ်များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်အညီ ဒေသခံပြည်သူများကလည်း မိမိမြို့နယ်အလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ကျန်းမာရေးနှင့် ဒေသအလိုက်ဦးစားပေးရမည့် လုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများနှင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ သားသမီးများ ပညာသင်ထောက်ပံ့မှုနှင့် အရစ်ကျပေးချေဝယ်ယူနိုင်မည့်တန်ဖိုးသင့် အိမ်ရာစီမံကိန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြို့ပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုရေးဆွဲပြီး သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ တင်ပြသွားရန်လိုအပ်ပါကြောင်း၊ မြို့နယ်၏ လူဦးရေ တိုးတက်လာမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ပြည်သူတို့၏ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်သင့်သည့်အစီအမံများကိုလည်းဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင်နှင့် ဦးစားပေးလုပ်ငန်းနယ်ပယ်များသတ်မှတ်လျာထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် သိသိသာသာတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သော်လည်း အဆိုပါကဏ္ဍများနှင့် ဆက်စပ်၍ နည်းပညာကျွမ်းကျင်မှုနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်များရှိနေဆဲလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ဒေသ လိုအပ်ချက်များနှင့်အညီ မူကြို၊ အခြေခံနှင့် အဆင့်မြင့်ကျောင်းများ သာမကအသက်မွေးဝမ်းကျောင်း ပညာရပ်များစုံလင်စွာ သင်ကြားပေးနိုင်မည့် Poly Technic ကျောင်းများနှင့် သိပ္ပံများကို ဖွင့်လှစ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သာယာဝတီခရိုင်သည် ဝါးထုတ်လုပ်မှုဖြင့် မိသားစုအလိုက် ဒုတိယဝင်ငွေ တစ်ရပ်ရရှိနိုင်သည့်အတွက် ဒေသခံ အစုအဖွဲ့များမှ ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်သည့် ဝါးထုတ်လုပ်ရေးလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲသွားခြင်းဖြင့် ဝင်ငွေများ တိုးပွားရရှိပြီး သစ်တော၊ ဝါးပြုန်းတီးမှုများကို ထိန်းသိမ်းနိုင်မည့်အပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အလိုက် ကော်မတီများနှင့် မြို့မိမြို့ဖများ၏ ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြည့်ဆည်းဆွေးနွေး ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်အရှေ့ခြမ်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဒုတိယအကြိမ်မြောက် ရန်ကုန်အရှေ့ခြမ်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဟာရန်ကုန် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဌ ဦးချစ်မျိုးနှင့် တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား လူငယ်ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ရှေးဦးစွာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်တို့က ကရင်နှစ်သစ်ကူးပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဒေါပုံမြို့နယ်၊ ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မဲဆန္ဒနယ်များမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဦးဝေဇင်၊ ဒေါ်မေသန်းလွင်၊ ဒေါ်ကြည်ကြည်မာနှင့် ဒေါက်တာခင်မောင်ထွန်းတို့က ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ Sky Netရုပ်သံလွှင့်ဌာနမှ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ရိုက်ကူးရေးအစီအစဉ်များကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာ ဒုံးပြိုင်ပွဲများ၊ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ ဝါးညှပ်အက၊ ပျားဖွပ်အက၊ သမန်းကျားလက်ဝှေ့သရုပ်ပြအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး အဆိုတော်ကေဂျာနူးက'Come and See Myanmar' သီချင်းဖြင့်လည်းကောင်း၊ အဆိုတော် နော်ထီးမူက 'နီးထော့သော' နှစ်သစ်ကူးသီချင်းဖြင့်လည်းကောင်း၊ ကရင်လူငယ်များယဉ်ကျေးမှုအဖွဲ့က 'တလိုလဲပါ၊ ပါရွာအိုအေ ကညနား၊ လောဝါတက်တူးဖိုး' သီချင်းများဖြင့် လည်းကောင်း သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

## ဆီးနှင့် ကျောက်ကပ်ဝေဒနာရှင်အတွက် ဆေးဝါးကုသရန် ထောက်ပံ့ငွေ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၁** ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီ လူမှုကူညီရေး အသင်းရုံးခန်း၌ ဒီဇင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင် ဒေါ်မွန်မွန်သန်းက ဦးဆောင်၍ ဆီးလမ်းကြောင်း ပျက်စီးနေသော နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စည်ပင်ရွာနေ ကိုကျော်မိုးနိုင် (၂၆ နှစ်) အတွက် ဆေးဝါးကုသရန် ထောက်ပံ့ငွေကျပ် နှစ်သိန်းကို လူနာရှင် ကိုယ်စား ဥတ္တရသီရိတိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာ ကျော်မျိုးနိုင်ထံသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။
**မင်းမင်းလတ်(ရုပ်မြင်သံကြား)**

ပြည်တွင်းသတင်း

# ကျွန်းလှမြို့၌ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးဖွင့်လှစ်၊ မျက်စိနှင့် သွား၊ ခံတွင်းဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

"ချစ်သား ချစ်သမီးတို့ ငါဘုရားကို လုပ်ကျွေးလိုက သူအို၊ သူနာကို လုပ်ကျွေး ပြုစုလော့"ဟု မြတ်စွာဘုရားရှင် မိန့်တော်မူသော ဒေသနာတော်အရ၊ သီတဂူဆရာတော်ကြီး၏ ဩဝါဒညွှန်ကြားမှုဖြင့် IBEC ဆရာတော်ဦးသောဘိတ ဦးဆောင်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင် မိသားစု၊ အလှူရှင်များ၊ ကျွန်းလှမြို့နယ်သူ မြို့နယ်သားများစုပေါင်းကောင်းမှုဖြင့် ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့ရှိ အဆိုပါ ဆေးရုံတော်ကြီးဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ IBEC ဆရာတော်ဦးသောဘိတက သီတဂူစက္ခုဒါန ဆေးရုံတော်နှင့် ပတ်သက်၍ လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံတွင် ဝိနယပိဋကတ် မဟာဝါပါဠိတော်တွင် "ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ သော ဂိလာနံ ဥပဋ္ဌဟေယျ"ဟု မြတ်စွာဘုရားရှင် မိန့်ကြားတော်မူခဲ့သည်နှင့်အညီ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးသည် မြန်မာနိုင်ငံ တစ်နံတစ်လျားလုံး ပြည်သူလူထုနှင့် လက်တွဲ၍ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရပါသဖြင့် တပည့်တော်တို့ အစိုးရအဖွဲ့အနေဖြင့် ဝမ်းသာပီတိဖြစ်မိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးကို တည်ဆောက်ပြီးစီးခဲ့ပြီး ယနေ့တွင်အောင်မြင်စွာ ဖွင့်လှစ်နိုင်ရုံမက မျက်စိဝေဒနာရှင် ၇၀၀၀ ခန့်ကို စစ်ဆေးကုသနိုင်ပြီးဖြစ်သဖြင့် အလှူရှင်များ၏ကိုယ်စား ကြည်နူးပီတိဖြစ်ရပါကြောင်း၊ အထူးသဖြင့် သီတဂူစက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ရာတွင် ကာယအား၊ ဉာဏအား၊ ဓနအား တို့ဖြင့် ပါဝင်ကူညီလှူဒါန်းကုသိုလ်ပြုခဲ့ကြသည့် ပုဂ္ဂိုလ်များကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ အထူးသဖြင့် ဆေးရုံတော်ကြီး စတင်တည်ဆောက်ချိန်မှစ၍ သီတဂူဆရာတော်ကြီး၏ ဩဝါဒညွှန်ကြားမှုဖြင့် နေ့မအား ညမနား ဦးစီးဆောင်ရွက်ပေးပါသော စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတအား အထူးကျေးဇူးတင်ပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ရွှေနဂါးမင်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်တို့က ကျေးဇူးတင် ဝမ်းမြောက်စကား လျှောက်ထားကြကာ ပြည်ထောင်စုဝန်ကြီးက ဆေးရုံတော်အတွက် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သီတဂူ စက္ခုဒါနဆေးရုံတော်အတွက် စေတနာရှင်ပြည်သူများက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြရာ ငွေပဒေသာပင်အလှူငွေ ကျပ်သိန်းပေါင်း ၆၅၀၀ နှင့် ဆေးပဒေသာပင်အလှူငွေ ကျပ်သိန်းပေါင်း ၂၉၉၂ သိန်း လက်ခံရရှိခဲ့သည်။

ထို့နောက် ဧည့်ပရိသတ်များက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ သာဓုအနုမောဒနာတရားနာကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဝင်းမြင့်၊ ဒေါက်တာ မောင်မောင်ဌေး၊ ရွှေနဂါးမင်းကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးသူရိန်တို့က သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



သီတဂူ စက္ခုဒါနဆေးရုံဆောင် ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်ကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတက သီတဂူစက္ခုဒါနဆေးရုံတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က သီတဂူစက္ခုဒါနဆေးရုံ ကမ္ပည်းမော်ကွန်းများကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်သော ကျွန်းလှမြို့ သီတဂူ စက္ခုဒါနဆေးရုံတော်သည် အလျား ၁၂၈ ပေ၊ အနံ ၇၈ ပေရှိပြီး ခုတင် ၅၀ဆံ့ဆေးရုံဖြစ်ကာ ငွေကျပ်သိန်းပေါင်း ၆၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက အမေရိကန်ဒေါ်လာ တစ်သိန်းနှစ်သောင်းတန်ဖိုးရှိဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ဆေးရုံ၌ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဌေးဌေးရီ၊ ဒေါက်တာမို့မို့နှင့် ဒေါက်တာ ဖြူဖြူကင်းတို့ ဦးဆောင်သောအဖွဲ့၊ သွားဘက်ဆိုင်ရာအထူးကု ဆရာဝန်ကြီး ဒေါက်တာဌေးလွင် ဦးဆောင်သောအဖွဲ့၊ အင်္ဂလန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြအောင်၊ ဒေါက်တာသိန်းမြင့်နှင့် ဒေါက်တာ မိမိခင်တို့ ဦးဆောင်သော အဖွဲ့တို့က ဒီဇင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ မျက်စိနှင့်သွား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်တွင် ကျွန်းလှမြို့ ပိတောက်မြိုင်၊ ပျဉ်းမမြိုင်၊ အင်ကြင်းမြိုင်၊ ရှမ်းစုနှင့် သစ်ရာမြိုင်ရပ်ကွက်များမှ ပြည်သူများကိုလည်းကောင်း၊ ၁၉ ရက်က အင်တိုင်းအုပ်စု၊ ညောင်ကိုင်အုပ်စု၊ အင်းကောင်းအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ၂၀ ရက်တွင် တန့်ဆည်မြို့နယ် ထန်းပင်အုပ်စုမှ ပြည်သူများကိုလည်းကောင်း၊ ၂၁ ရက်တွင် ရေရှင်အုပ်စု၊ သစ်ချိုအုပ်စု၊ ချောင်းစောက်အုပ်စု၊ နောင်ကောက်အုပ်စု၊ မော်ကယ်အုပ်စု၊ သက္ကယ်ကျင်းအုပ်စု၊ ကုန်းစည်းအုပ်စု၊ လိပ်ဆင်းတောင်အုပ်စု၊ သရက်ပင်အုပ်စု၊ ပေကုန်းအုပ်စု၊ အင်လှအုပ်စု၊ ရေယိမ်းအုပ်စု၊ ထိန်တောအုပ်စုနှင့် ရှမ်းကုန်းအုပ်စုတို့မှ ပြည်သူများကို လည်းကောင်း၊ ၂၂ရက်တွင် ကျောက်အိုင်အုပ်စု၊ ကုက္ကိုကုန်းအုပ်စု၊ မကျီးအင်းအုပ်စု၊ တောင်ယာဆိပ်အုပ်စုနှင့် ရွာသီအုပ်စုတို့မှ ပြည်သူများကို လည်းကောင်း၊ ၂၃ ရက်တွင် သစ်ရာမြိုင်၊ ရှမ်းစု၊ အင်ကြင်းမြိုင်ရပ်ကွက်များနှင့် တင်းထိန်ရံအုပ်စု၊ ကျီးကုန်းအုပ်စုနှင့် လယ်လှအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ၂၄ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ကောလင်းမြို့နယ်၊ အင်းတော်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် အခြားမြို့နယ်များမှ ပြည်သူများကိုလည်းကောင်း၊ ၂၅ ရက်တွင် ပြသရန်ကျန်ရှိသူအားလုံးကို လည်းကောင်း ကုသပေးသွားမည် ဖြစ်ကြောင်းနှင့် စုစုပေါင်း မျက်စိဝေဒနာရှင် ၇၀၀၀ ကျော်နှင့် သွားခံတွင်းဝေဒနာရှင် ၅၀၀၀ ကျော်တို့ကို ကုသပေးသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

**ဟိုပင် ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဟိုပင်ဒေသ HIV/ AIDS ကော်မတီ၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၁၃ ရက် နံနက်က မြဇေယျာရပ်ကွက် နှစ်ခြင်းဘုရားကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးက အမှာစကားပြောကြားကာ ဟိုပင်မြို့ ပြည်သူ့ဆေးရုံ တာဝန်ခံ ဒေါက်တာသိန်းအောင်က ကျန်းမာရေးအကြောင်း သိကောင်းစရာများ၊ ကမ္ဘာ့ဆရာဝန်များအဖွဲ့မှ ဒေါက်တာမီမီသော်က ကူးစက်သေဆုံးမှုမရှိရေးဖြင့် ကုသပေးဆောင်ပုဒ်နှင့်အညီနှင့် ပတ်သက်သောအကြောင်းအရာများ ရှင်းလင်း ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိခင်နှင့်မွေးကင်းစကလေး၊ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ခြင်းသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာပြီး အတတ်ပညာတစ်ခုအနေဖြင့် မိမိဘဝ မိမိရပ်တည်နိုင်ရန် မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မိခင်နှင့် မွေးကင်းစကလေး၊ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် လွှတ်တော်ရုံးဝင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်၊ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သင်တန်းတွင် လက်တွေ့သင်ကြားပြသပေးမည့် ပစ္စည်းကိရိယာများကို ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းကို အငြိမ်းစား ဆရာဝန်များ၊ သူနာပြုဆရာမကြီးများက စာတွေ့ လက်တွေ့သင်ကြားပေးမည့်အပြင် ဆေးရုံနှင့် ဘိုးဘွားရိပ်သာများတွင် လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသို့ ခရိုင်လေးခရိုင်မှ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

## ဆန်းဒါးလန်းက နယူးကာဆယ်ကိုနိုင်

**နယူးကာဆယ် ဒီဇင်ဘာ ၂၁**

ပရီမီယာလိဂ် ပွဲစဉ် (၁၇) နယူးကာဆယ်နှင့် ဆန်းဒါးလန်းတို့ပွဲကို တနင်္ဂနွေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဆန်းဒါးလန်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဒါဘီပွဲ ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးစားသော်လည်း ပထမပိုင်းတွင် နှစ်ဖက်စလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲပြီးခါနီး မိနစ် ၉၀တွင် ဆန်းဒါးလန်းမှ အဒမ်ဂျွန်ဆင်က တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ လီဗာပူးနှင့် အာဆင်နယ်ပွဲတွင် နှစ်ဂိုးစီသရေကျပြီး တစ်မှတ်စီ ခွဲယူခဲ့သည်။

**သီဟ - ရေးသည်**

## အီတလီစီးရီးအေ ပွဲစဉ်(၁၆) အနိုင်အရှုံး

၂၁-၁၂-၂၀၁၄

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၀ | - | ၁ | ချီယေဗို |
| အတ္တလန္တာ | ၃ | - | ၃ | ပါလာမို |
| ဖီအိုရင်တီးနား | ၁ | - | ၁ | အမ်ပိုလီ |
| ဆမ်ဒိုးရီးယား | ၂ | - | ၂ | အူဒီးနိစ် |

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ အလေးထားကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် သားငှက်တိရစ္ဆာန်များ မှီခိုကျက်စားရာ နေရာများအား သဘာဝနယ်မြေများဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီးတို့ဖြင့် ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒီရေတောများသည် ကုန်းတွင်းပိုင်းနှင့် အဏ္ဏဝါဂေဟစနစ်များအကြား ဆက်စပ်ပေးသည့်နေရာတွင် ရပ်တည်လျက်ရှိပြီး ကုန်းနေရေနေ ဇီဝမျိုးစုံမျိုးကွဲ ရှင်သန်ရပ်တည်နိုင်သည့် ဂေဟစနစ်ဖြစ်သည်။ နိုင်ငံအတွင်းနှင့် ဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဆိုင်ရာ အရေးပါသည့် သဘာဝနယ်မြေများအား ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်များ (Asean Heritage Park) အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ရာ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဒီဇင်ဘာ ၁၆ ရက်က ဘိုကလေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မြသိန်း၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဝင်များ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ အုပ်ချုပ်ရေးမှူး တင်ပြချက်များအပေါ် ဘေးမဲ့တောဧရိယာအား အမာခံနယ်မြေ၊ ကြားခံနယ်မြေ ဧရိယာစနစ်တကျ သတ်မှတ်ထားရှိရန်၊ အမာခံနယ်မြေအား လုံးဝကာကွယ်ထိန်းသိမ်းရန်၊ ကြားခံနယ်မြေများ၌ စီးပွားဖြစ်မဟုတ်သည့် ငါးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများအား စည်းမျဉ်းစည်းကမ်းများ စနစ်တကျချမှတ်ဆောင်ရွက်ခွင့်ပြုရန်၊ သဘာဝမိကျောင်းသိုက်များအား ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ ကျေးရွာထင်းစိုက်ခင်း ခွင့်ပြုနိုင်မည့်နေရာများနှင့် တည်ထောင်စိုက်ပျိုးခွင့်ပြုမည့်ကျေးရွာများအား သတ်မှတ်ရန်၊ သုတေသနနှင့် ဒေသခံပြည်သူများအား ပညာပေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊ တရားမဝင်ကျူးကျော်ဝင်ရောက်မှုနှင့် သစ်၊ ထင်းထုတ်ယူမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်၊ ကျေးရွာများသို့ ရောက်အောင်သွား၍ ဒေသခံပြည်သူများနှင့်ထိတွေ့ကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သစ်တောဦးစီးဌာနက မိန်းမလှကျွန်းဘေးမဲ့တောအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်တည်ရှိမှုအခြေအနေကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး သယံဇာတစာရင်းကောက်ယူခဲ့ကြောင်း သိရသည်။ ဘေးမဲ့တောအတွင်း ဒီရေတောသစ် ၂၉ မျိုး၊ ပရဆေး ၃၈ မျိုး၊ သစ်ခွခုနစ်မျိုး ရှင်သန်ပေါက်ရောက်လျက်ရှိသည့် အပြင်နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ရေချိုရေငန်စပ်မိကျောင်းအပါအဝင် တွားသွားသတ္တဝါ ၃၆ မျိုး၊ ငှက်မျိုးစိတ် ၁၄၈ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၅ မျိုး၊ ရေနေသတ္တဝါ ၇၂ မျိုး ပေါက်ဖွားရှင်သန်လျက်ရှိကြောင်း သိရသည်။

ဘေးမဲ့တောအတွင်း သစ်တောဦးစီးဌာနက သစ်တောပြန်လည်ပြုစုစိုက်ပျိုးခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အပြင် အပြည်ပြည်ဆိုင်ရာ အပင်နှင့် တောရိုင်းတိရစ္ဆာန်အဖွဲ့ (FFI) တို့ ပူးပေါင်း၍ သစ်မျိုးစာရင်းကောက်ယူခြင်း၊ မိကျောင်းစာရင်းကောက်ယူခြင်း၊ ငှက်စာရင်းကောက်ယူခြင်းနှင့် သုတေသနလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိရာ သုတေသနပြုလေ့လာတွေ့ရှိချက်များအရ သဘာဝမိကျောင်းသိုက်များ ပိုမိုတွေ့ရှိရပြီး မိကျောင်းကောင်ရေ တိုးပွားလာကြောင်း သိရသည်။ ထို့ပြင် ဘေးမဲ့တောဧရိယာအတွင်း ဧရာဝတီလင်းပိုင်များတွေ့ရှိရသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အောင်မြင်မှုနှင့် ဂေဟစနစ်ကောင်းမွန်မှုတို့၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဘိုကလေးမြို့နယ် ဆင်ဟိုင်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းစီမံဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေးကွင်းဆင်းထိုးနှံ

**မော်လမြိုင် ဒီဇင်ဘာ ၂၁**

ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေးကွင်းဆင်းထိုးနှံပေးခြင်းနှင့် ခွေးရူးရောဂါအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးဟောပြောပွဲများကို ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ ထွန်းဇော်ဝင်းနှင့် ဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်အမှတ် (၁၁)နှင့် (၁၂)ရပ်ကွက်တို့တွင် ခွေးကောင်ရေ ၁၁၇ ကောင်နှင့် မြို့နယ်အတွင်းရှိ ရှောက်ချောင်း၊ ကြက်လျှာ၊ သပြေချောင်း၊ ဖိုးတီလွတ်နှင့် ဂုံညင်းတန်းကျေးရွာအုပ်စုများတွင် ခွေးကောင်ရေ ၂၀၇ ကောင် စုစုပေါင်း ခွေးကောင်ရေ ၃၂၄ ကောင်တို့ကို ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးခဲ့ကြသည်။

ထို့အပြင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဖြူဖြူဝင်းနှင့် ဝန်ထမ်းများသည် ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေးကွင်းဆင်းထိုးနှံပေးသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ခွေးရူးရောဂါအကြောင်း သိကောင်းစရာများနှင့် ခွေးရူးရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြသည်။ **မော်ကျွန်း-မြင့်အောင်**

## မြဝတီ၌လူကုန်ကူးခံရသူများအား ယာယီစောင့်ရှောက်ရေးဂေဟာဖွင့်

**မြဝတီ ဒီဇင်ဘာ ၂၁**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဦးဆောင်၍ ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးအတွက် ယာယီစောင့်ရှောက်ရေးဂေဟာဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့အမှတ်(၄) ရပ်ကွက် အဓိဋ္ဌာန်အောင်ဘုရားလမ်းရှိ အဆိုပါဂေဟာတွင် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဂေဟာဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့ကိုယ်စား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Political Section Mr. Akinori TAKASHIMA က ဂေဟာဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်ပြီး လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေး ဂေဟာကို မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့ကိုယ်စား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Political Section Mr. Akinori TAKASHIMA၊ ကရင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်ဌေးနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါဂေဟာတည်ရှိရာ မြေဧရိယာအကျယ်အဝန်းမှာ ၀ ဒသမ ၅ ဧက ကျယ်ဝန်း၍ RC သွပ်မိုး နှစ်ထပ် အဆောက်အအုံဖြစ်ပြီး အဆောက်အအုံအတိုင်းအတာမှာ အလျား ၇၄ ပေ၊ အနံ ၃၇ ပေ၊ အမြင့် ၂၃ ပေဖြစ်သည်။ ဂေဟာတွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၅၀ စောင့်ရှောက်ထားရှိနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ပထမဆုံး လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာကို မူဆယ်မြို့တွင်လည်းကောင်း၊ ဒုတိယမြောက်ဂေဟာကိုကော့သောင်းမြို့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယခုဂေဟာဖွင့်လှစ်မှုသည် တတိယမြောက်ဖြစ်ပြီး ဂေဟာဖွင့်လှစ်ခြင်းဖြင့် ထိုင်းနိုင်ငံတွင် နည်းမျိုးစုံဖြင့် လူကုန်ကူးခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့် လူကုန်ကူးခံရသူများကို နွေးထွေးစွာကြိုဆို၍ ဂေဟာတွင် ခေတ္တထားရှိကာ ၄င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများကို ဖြေလျှော့စေခြင်း၊ နှစ်သိမ့်ပညာပေးမှုပြုလုပ်ခြင်း၊ လိုအပ်သည့်ဆေးဝါးကုသမှုများပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းနှင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်**

## သာပေါင်းမြို့နယ်အတွင်းမှ ကျေးရွာများသို့ တောဆင်ရိုင်းနှစ်ကောင် ဝင်ရောက်ဖျက်ဆီး

**ပုသိမ် ဒီဇင်ဘာ ၂၁**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ၊ အုတ်ပုံကုန်းကျေးရွာ၊ ဦးမြသင်းကုန်းကျေးရွာနှင့် ကြက်သွန်ခင်းကျေးရွာများအတွင်းသို့ ဒီဇင်ဘာ ၁၈ ရက် ည ၈ နာရီခွဲခန့်က တောဆင်ရိုင်း နှစ်ကောင် ဝင်ရောက်ပြီး စပါးခင်းများနှင့် ငှက်ပျောခင်းများ ဖျက်ဆီးစားသောက်မှုကြောင့် ရွာသူရွာသားများ ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်သွားရကြောင်း သိရသည်။

အဆိုပါသတင်းအရ သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဆန်းဦး၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ကိုလတ်တို့အဖွဲ့က ဒေသခံ ရွာသား ၃၀ကျော်နှင့်အတူ တုတ်၊ ဓား၊ လေး၊ မြားကိုင်ဆောင်ခြင်းမပြုဘဲ ဝါးလုံးမီးဖောက် ခြောက်လှန့်ကြရာ ၎င်းဆင်ရိုင်းနှစ်ကောင်သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၃ နာရီ ခွဲတွင် အနောက်ရိုးမတောထဲသို့ ဝင်ရောက်သွားကြသည်ဟု သိရသည်။ အဆိုပါ တောဆင်ရိုင်းများသည် အနောက်ရိုးမတောင်တန်းကို အမှီပြု၍ နေထိုင်ကြပြီး စပါးပေါ်ချိန်နှင့် ငှက်ပျောမှည့်အချိန်ကာလများတွင် မကြာခဏ ဝင်ရောက်ဖျက်ဆီးစားသောက်ကြခြင်းဖြစ်ကြောင်း လူနေအိမ်ခြေနည်းပါးသော ကျေးရွာများတွင် နေအိမ်များဖျက်ဆီးခြင်း၊ ရွာသားများအား အန္တရာယ်ပြုခြင်းများလည်း မကြာခဏကြုံတွေ့ရကြောင်း၊ သို့သော် ဘေးမဲ့တောရိုင်းတိရစ္ဆာန်များ ပစ်ခတ်သတ်ဖြတ်ခြင်းမပြုရ သစ်တောဥပဒေအရ သစ်တောဦးစီးဌာနမှ ဒေသခံပြည်သူများကို အသိပညာပေးစည်းရုံးပေးထားခဲ့ခြင်းကြောင့် တုတ်၊ ဓား၊ လေး၊ မြား အသုံးမပြုဘဲ ဝါးလုံးမီးဖောက်၍ ခြောက်လှန့်အော်ထုတ် မောင်းနှင်ကြရကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။ **ပုသိမ်လှကြည်**



# စီးပွားရေးတွက်ခြေကိုက်သည့် စက်ရုံကြီးအဖြစ် ရပ်တည်နိုင်ရေးကြိုးပမ်း



**နေပြည်တော် ဒီဇင်ဘာ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်းကုန်းရွာရှိ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ပေးလျက်ရှိသည့် အမှတ်(၃၉) အကြီးစားစက်ရုံ (အင်းကုန်း)သို့ ရောက်ရှိပြီး စက်ရုံမှုလုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဤစက်ရုံသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံတစ်ရုံဖြစ်ပြီး ၁၀-၆-၂၀၁၁ ရက်နေ့မှစ၍ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ယခု မူလပိုင်ရှင်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပြန်လည် လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မည်သည့်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ပြည်သူ့ဝန်ထမ်းများပီပီ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအပါအဝင် နိုင်ငံသူနိုင်ငံသားများအားလုံး၏ အကျိုးစီးပွားများကို အမြဲရှေးရှုဆောင်ရွက်နေပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး ခံယူချက် မှန်ကန်ဖို့လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်စက်မှုဇုန်နယ်မြေရှိ အဆင့်မြင့်မှန်များ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)သို့ လည်းကောင်း၊ မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာအနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကုန်တင်ယာဉ်ဘီးဝင်ရိုး ထုတ်လုပ်မှု စီမံကိန်း(မြင်းခြံ)သို့ လည်းကောင်း၊ မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီးရှိ သံမဏိစက်ရုံ (မြင်းခြံ)တို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(စက်မှု)**



# ကရင်နှစ်သစ်ကူးပွဲတော် သထုံ၌ စည်ကားစွာကျင်းပ

**သထုံ ဒီဇင်ဘာ ၂၁**

ကရင်သက္ကရာဇ် ၂၇၅၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်တိုင်းရင်းသားတို့၏ (၇၇)နှစ်မြောက် ရိုးရာနှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့နယ် ဒေးဗရိန်းကျေးရွာတွင် ဒီဇင်ဘာ ၂၁ ရက် နံနက်က စည်ကားစွာ ကျင်းပခဲ့သည်။

နံနက် ၅နာရီတွင် ကရင်တိုင်းရင်းသားအလံတော်လွှင့်တင်ပွဲကို ကျင်းပခဲ့ပြီး နံနက် ၇နာရီမှ စတင်ကာ နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာသဘာပတိဦးအုန်းမြင့်က အမှာစကားပြောကြားပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီဦးအုန်းမြင့်ကပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်ကဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၏ နှစ်သစ်ကူး သဝဏ်လွှာကို မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးစောညာဏ်ဝင်းက လည်းကောင်း၊ ရန်ကုန်မြို့ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ဗဟိုကော်မတီမှပေးပို့သည့် သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း ဖတ်ကြားပြီး ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံတို့ကို ပိုးကရင်၊ စကောကရင်နှင့် မြန်မာဘာသာတို့ဖြင့် ရှင်းလင်းပြောကြားခဲ့ကြသည်။ **သက်ဦး( သထုံ)**



# ညောင်လေးပင်မြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

**ပိန်းဇလုပ် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ် ကံကလေးကျေးရွာအုပ်စု ပိန်းဇလုပ်ရွာမကျေးရွာ အခြေခံပညာမူလတန်းကျောင်း အားကစားကွင်း၌ ယနေ့နံနက် ၆ နာရီ က ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရာ သဘာပတိ ဦးစောစိုးလွင်က အခမ်းအနားဖွင့် ဆုတောင်းမေတ္တာပို့သပြီး ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစောလိုင်းနယ်က နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့ကို လွှင့်ထူ၍ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းအကြောင်းကို ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျူဗလီစံလှ၏ နှစ်သစ်ကူး သဝဏ်လွှာကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောထီးမူက ဖတ်ကြားသည်။

ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးစောတင်ထွန်းက "ကရင်လူမျိုးရယ် အခြားလူမျိုးရယ်မခွဲခြားပါဘူး၊ တိုင်းရင်းသားအားလုံးက ညီအစ်ကိုမောင်နှမတွေပါ၊ အခုလို ကရင်အမျိုးသားပွဲတော်ကျင်းပရတဲ့အတွက် အားလုံးချစ်ကြည်မှုကို ရစေပါတယ်"ဟု ဆိုခဲ့သည်။ **သိန်းညွှန့်(ပိန်းဇလုပ်)**

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် အလံတင်ပွဲကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် အလံတင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၆ နာရီက ကရင်မြန်မာနှစ်ခြင်းအသင်းတော်ဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်အမျိုးသားအလံကို ကရင်အမျိုးသားကြီးနှစ်ဦးက လွှင့်တင်ပြီး တက်ရောက်လာကြသော ကရင်အမျိုးသား အမျိုးသမီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အားအလေးပြုကြပြီး ကရင်အမျိုးသားသီချင်းကို သံပြိုင်သီဆိုကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစောချစ်ဆွေက ရန်ကုန်တိုင်းဒေသကြီး ဗဟိုမှပေးပို့သော သဝဏ်လွှာကို လည်းကောင်း၊ ကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦးစောမောင်စံက ဧရာဝတီတိုင်းဒေသကြီးမှပေးပို့သော သဝဏ်လွှာကိုလည်းကောင်း ဖတ်ကြားပြီး တက်ရောက်လာကြသူများကို ကောက်ညှင်းထုပ်များဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အထက(၄)၊ သတ္တမတန်း(B)မှ မလင်းလင်းထက်၏ မိဘအမည်မှန်မှာ ဦးစိန်တုတ် ၁၂/အစန(နိုင်)၀၃၂၃၉၂-(ဒေါ်မရီ) ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးဇော်ဟိန်း ၁၂/ဥကတ(နိုင်)၁၆၀၉၅၈ ၏ Import Declaration no:791009 စာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၂၁၃၆၈

## သင့်ကြောင့် မီး မလောင်ပါစေနှင့်







## ပြည်ထောင်စုလွှတ်တော်
## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
# ဝန်ထမ်းအလိုရှိသည်
## ပြည်တွင်း၌သာခန့်ထားရန်

(၁) စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ဝန်ထမ်းလေးဦး အလိုရှိသည်။

(က) B.Com, M.Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)

(ခ) အသက်(၃၅)နှစ်အောက် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။

(ဃ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။

(င) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(စ) နှစ်စဉ်စာချုပ် ချုပ်ဆိုငှားရမ်းခန့်ထားမည်။

(၂) လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာဖော်ပြ၍ jointpac.mmp@gmail.com သို့ ၂၆-၁၂-၂၀၁၄ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်သည်။

(၃) ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ်မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားမည်။

(၄) အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၅၉၁၂၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။



ပြည်တွင်းသတင်းနှင့်ကြော်ငြာ



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် အောင်မြင်ရိပ်သာကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၁၇ ၌ ကျင်းပရာ တောင်သူဦးလွင်ဦး၏ လယ်မြေ ၄ ဒသမ ၀၄ ဧကတွင် စိုက်ပျိုးထားသည့် ကောင်းကိုယ်စားပြုမနော်သုခ စပါးမျိုး ရိတ်သိမ်းမှုကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်) မှ စာရင်းအင်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကြည်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးစဉ်။ ဇော်မျိုး (မြေစာရင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၂-၂၀၁၄

**ရွှေဈေးနှုန်း (အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၈၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၈၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၀၂၅ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၈၇၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၅ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

## သီပေါကျေးလက်ဒေသမှ ပြည်သူများ သွားလမ်းသာ၍ လာလမ်းဖြောင့်ပြီ

**သီပေါ ဒီဇင်ဘာ ၂၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းမရှိစေရန် ကျေးရွာကို ကျေးရွာချင်း၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးတို့အတွက် ကျေးလက်ဒေသများတွင် လိုအပ်နေသော ချောင်းကူးတံတားများနှင့် လမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လမ်းလုပ်ငန်း တင်ဒါအောင်မြင်သည့် ဟိုတယ် သီပေါကုမ္ပဏီမှ ဆောင်ရွက်သည့် နားကန်-လုံဝိုင်-နောင်ဟိုးကျေးရွာချင်းဆက် မြေသားလမ်းနှင့် လမ်းလုပ်ငန်း (ကျောက်ချောလမ်း) တင်ဒါအောင်မြင်ခဲ့သော မိုင်းရယ်- ရွှေအင်အားကုမ္ပဏီ၊ ရွှေပန်မန်းကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိသည့် နားကန်-ဖတ်နမ့်ကျေးရွာချင်းဆက် လမ်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာလုပ်ငန်း ကုမ္ပဏီများက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ မြေသားလမ်းမှာ ခုနစ်မိုင်အရှည်ရှိပြီး ကျေးရွာချင်းဆက် မြို့တက်သည့် ကတ္တရာလမ်းအထိ ရောက်ရှိမည့်အပြင် နှစ်မိုင်အရှည်ရှိကျောက်ချောလမ်း ခင်းကျင်းပြီးပါက လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကာ ကျေးရွာမှထွက်ရှိသော စပါးသီးနှံ၊ပြောင်းနှင့်အခြား ထွက်ကုန်များ ပြည်မဒေသနှင့် တစ်ဖက်နိုင်ငံသို့ အချိန်နှင့် တစ်ပြေးညီ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သဖြင့် ဒေသခံများ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ပညာ့ဗိမာန် ပိဋကတ်စာကြည့်တိုက်ဖွင့်

**ပဲခူး ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥသာမြို့သစ် ရပ်ကွက်ကြီး ၃ မြေတိုင်းအမှတ် ၇/၅ လမ်း၌ ကိုယ့်အားကိုယ်ကိုး ပညာ့ဗိမာန်ပိဋကတ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။


အဆိုပါ အခမ်းအနားသို့ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးရုံး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်ရုံးမှ တာဝန်ရှိသူများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို စာကြည့်တိုက်စီမံထိန်းသိမ်းရေးနာယကအဖွဲ့မှ ဦးလှချစ်နှင့် ခရိုင်ပြန်/ဆက် ဒုဦးစီး ဒေါ်ခင်ခင်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းစာကြည့်တိုက်ကို လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကျော်ခန့် အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**နောင်ထွဏ်း(ပဲခူး)**



ကြော်ငြာ




အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမယ့် ရတနာ.... 34TH STOREY DIAMOND INYA PALACE CONDOMINIUM

အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ် အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်
ငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးနေပါပြီ။

- မြန်မာနိုင်ငံ၏ ပထမဦးဆုံး 5-Star Hotel grade setting condominium.
- Ground Floor, 6th Floor, 22nd Floor တို့တွင် Facility Area များပါဝင်ပြီးရန်ကုန်မြို့၏ Facility အများဆုံး Condominium.
- 6th Floor, 22nd Floor တို့တွင် ရန်ကုန်မြို့၏ အကျယ်ဆုံးနှင့် အရှည်ဆုံးရေကူးကန် (၂)ခုပါရှိပါသည်။
- ကြည်လင်သန့်ရှင်းသောလေကိုရှူရှိုက်ရင်း အင်းယားကန်ရေပြင်ကို မေးတင်ရှုမျှော်နိုင်ပြီး ရွှေတိဂုံဘုရားကိုဦးခိုက် ဖူးမျှော်နိုင်တဲ့ Diamond Inya Palace Condominium.
- Diamond Inya Palace Condominium ဝယ်ယူခြင်းအားဖြင့် မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါရရှိမည်ဖြစ်ပါသည်။

**Diamond Inya Palace Site / Show Flat / Sales Office**
**No. 2, U Tun Nyein Street, Mayangone Township, Yangon , Myanmar**
**HP : 09-420097992 ~ 5, 09 420097998**
**Website : http://www.diamondinyapalace.com**

**Another Pretigious By**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ချင်းတောင်ပေါ်တွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေမှုကြောင့် ခရီးသွားယာဉ်များ သတိထားသွားရန်လို

**ကလေး ဒီဇင်ဘာ ၂၁**

ချင်းတောင်ပေါ်တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေမှုကြောင့် ကလေး- သိုင်းငင်း- ဖလမ်း- ဟားခါး ပြေးဆွဲနေကြသော ခရီးသွားယာဉ်များအနေဖြင့် သတိထားသွားရန် လိုအပ်နေကြောင်း ဒေသခံများနှင့် ခရီးသွားများက ပြောကြားသည်။ “အခုရက်ပိုင်း ချင်းတောင်ပေါ်မှာ ဆီးနှင်းတွေတော်တော်ကျတယ်။ ကားတွေကလည်း နှင်းခွဲမီးတွေပါတယ်။ ဒါပေမယ့် အဝေးကြီးလှမ်းမမြင်ရဘူး။ ယာဉ်တစ်စီးနဲ့ တစ်စီးအနီးကပ်ရောက်မှ မြင်ရတယ်။ အဓိကကတော့ ကားစက်သံကို နားစွင့်ပြီးသွားရတယ်။ ဒီနှစ်တော့ ဆောင်းရာသီမှာ ကားတွေချောက်ထဲကျတာ မကြာခဏဖြစ်တယ်။ ဒီရာသီမှာ ချင်းတောင်ကို တက်တဲ့ ကားတွေအနေနဲ့ကတော့ သတိထားသွားလာတာ အကောင်းဆုံးပဲ” ဟု တီးတိန်မြို့ခံ ချင်းတိုင်းရင်းသားတစ်ဦးက ပြောကြားသည်။

ကလေး-ချင်းတောင်ခရီးစဉ်တွင် ယခင်က ကလေးစက်မှုဇုန်ထုတ် ဟိုင်မွန်ဂျစ်များသာ ပြေးဆွဲခဲ့ရာမှ ယခုနှစ်တွင်မူ ဂျပန်နိုင်ငံထုတ်နှင့် ဥရောပနိုင်ငံထုတ်ကားများဖြစ်သည့် Mini Bus ကားများပါ ပြေးဆွဲလာကြပြီး ထိုသို့ လူစီးသီးသန့် ဇိမ်ခံကားများဖြင့် ပွင့်လင်းရာသီတွင် ပြေးဆွဲမှုများပြားလာမှုကြောင့် လူစီးသီးသန့် ဟိုင်မွန်ဂျစ်ကားများတွင်မူ စီးနင်းသူနည်းပါးသွားပြီး ဝင်ငွေလည်း လျော့နည်းနေကြောင်း သိရသည်။

“ဒီရက်ပိုင်း ဆီးနှင်းကျတာက တော့ ချင်းတောင်ပေါ်မှာ မဟုတ်ဘူး။ ချင်းတောင်ခြေဖြစ်တဲ့ ကလေးမြို့မှာဆိုလည်း နံနက် ၈ နာရီခွဲလောက်အထိ ဆီးနှင်းက ကျနေတုန်းပဲ။ နောက်ပြီး တောင်ပေါ်လမ်းတွေကတော့ ရာသီမရွေး ဂရုစိုက်မောင်းရတာချည်းပါ။ လမ်းချော်မှုတွေလည်း ဖြစ်နိုင်တယ်။ လမ်းကိုမမြင်ရလို့ တစ်စီးနဲ့တစ်စီး တိုက်မိတာတွေလည်း ကြားရတယ်။ ဒီနောက်ပိုင်း ကားလေးတွေကျတာဆိုလို့ ပါဂျဲရိုးတို့၊ ဂျစ်ကားတို့တွေ ဖြစ်တာများတယ်။ သူတို့က ကားကကောင်းတော့ အမြန်မောင်းကြတယ်။ နောက်ပြီး ဆိုင်ကယ်သမားတွေလည်း လမ်းကွေ့တွေမှာ ဟွန်းမတီး၊ အမြန်မောင်းတော့ ထိခိုက်မိတာတွေဖြစ်နေတယ်လို့ ကြားရတယ်” ဟု ကလေး- ရိဒ်ခေါ်ဒါရ် ကားဒရိုင်ဘာတစ်ဦးက ပြောကြားသည်။

**သျှင်နေမင်း**

# ပြိုကျပျက်စီးခဲ့သည့် တံတားများအား အမြန်ပြန်လည် ပြုပြင်တည်ဆောက်



**ကသာ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် စက်တင်ဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားများ မျောပါခြင်း၊ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ အဆိုပါ တံတားများကို လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ဆုံး ပြန်လည် တည်ဆောက်လျက်ရှိနေကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ပြန်လည်တည်ဆောက်နေသည့် တံတားများအနက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၄) က ဆောက်လုပ်လျက်ရှိသည့် တံတားအရှည် ပေ ၁၁၀၊ အကျယ် ၁၃ ပေ ၊ အမြင့် ၁၀ ပေရှိသည့် ကပ္ပလိပ်တံတားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ရာ ၆၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# (၁၁၁)ကြိမ်မြောက် သွေးလှူ



**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြို့ ဗဟန်း (၃)လမ်း အမှတ် (၄၁)နေ မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အကြံပေးဖြစ်သူ ဦးစန်းမောင်မြင့် (နန်းဦးလွင် - M.A Japan ) (လူမှုထူးချွန် ပထမဆင့်)သည် ဒီဇင်ဘာ ဒုတိယပတ်က အမျိုးသားသွေးလှူဘဏ်၌ (၁၁၁)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

# တပ်မတော်မှ ပြန်လည်စွန့်လွှတ်မြေများအတွက် ဂွမြို့နယ်နှင့် ကျိန္တလီမြို့တို့တွင် ပုံစံ(၇)ထုတ်ပေး

**သံတွဲ ဒီဇင်ဘာ ၂၁**

တပ်မတော်မှ ပြန်လည်စွန့်လွှတ်မြေများတွင် ယာယီပုံစံထုတ်ပေးထားရှိသည့် တောင်သူများအား ပုံစံ(၇)ထုတ်ပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီက ဂွမြို့နယ် ကင်းပုံအမက ကျောင်း၌ လည်းကောင်း၊ ညနေ ၄ နာရီတွင် ကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း ကျင်းပသည်။

ရွေးဦးစွာခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အမှာစကားပြောကြားပြီး ခရိုင်မြေယာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြဲအေးက လယ်ယာမြေနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂွမြို့နယ် အမကကင်းပုံကျောင်းတွင် ဆပ်သွား၊ ကမ်းသာယာ၊ ကင်းပုံ ကျေးရွာအုပ်စုများရှိ တောင်သူ ၁၇၅ ဦး၊ (ဦးပိုင် ၂၂၃ ခုမှ ဧက ၂၈၈ ဒသမ ၅၂) ကိုလည်းကောင်း၊ ကျိန္တလီအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှောက်ကုန်း၊ စေတီကွင်း၊ သဲကုန်း၊ ပုန်းညက်ကျေးရွာအုပ်စုများရှိ တောင်သူ ၁၁၈ ဦး၊ (ဦးပိုင် ၁၃၀ ရှိ ဧက ၂၁၂ ဒသမ ၂၄)ကိုလည်းကောင်း ပုံစံ (၇)များကို ခရိုင်မြေယာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ အတွင်းရေးမှူး ဦးမြဲအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီနှင့် တာဝန်ရှိသူများက စနစ်တကျစိစစ်၍ တောင်သူများလက်ဝယ်အရောက် စနစ်တကျ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (iprd)**

# မြေနီလမ်းဖောက်လုပ်

**နတ်တလင်း ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ ကျေးရွာအုပ်စုနှင့် ချင်းကုန်းကံကျေးရွာအုပ်စုတို့ကို ရာသီမရွေးသွားလာနိုင်ရန် လမ်းအရှည် ငါးမိုင် ခြောက်ဖာလုံမှ အမြင့်ထု ခုနစ်ပေ၊ အကျယ် ၁၀ ပေရှိ မြေနီလမ်းဖောက်လုပ်သွားမည်ဖြစ်သည်။

လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်တို့က ဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးအထောက်အကူပြုကော်မတီဝင်များနှင့် ဒေသခံပြည်သူများစုပေါင်းကာ လမ်းအမြန်ပြီးစီးရေး မြန်မာရွှေသရဖီကုမ္ပဏီက စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက် နှစ်ဦးအမည်မှ တစ်ဦးတည်းအမည်ဖြင့် တိုက်ခန်းအမည်ပြောင်း လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးလင်းအောင်(ခ)စင်ရော် မောင်မောင် ၁၂/တမန(နိုင်)၀၄၂၁၅၂ ဒေါ်သန်းသန်းဆင့်(ခ) မေသန်းနု ၁၂/မဂတ(နိုင်)၀၆၈၆၅၉(မှ) | ဦးလင်းအောင်(ခ)စင်ရော် မောင်မောင် ၁၂/တမန(နိုင်)၀၄၂၁၅၂ | အခန်းအမှတ် (၆-အေ) မြေနီကုန်းအဆင့်မြင့်အိမ်ရာ၊ စမ်းချောင်းမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## အမည်နှင့်မွေးသက္ကရာဇ်အမှန်

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင်ပါရှိသည့်အတိုင်း ဦးခင်လှိုင်-ဒေါ်သန်းသန်းဝင်းတို့၏သမီး ကျွန်မ၏ အမည်မှန်မှာ မသဥ္ဇာဦးဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၉-၁၂-၉၅ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၈၃၈၁ Isuzu Journey ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဘွန်းဆီ ၁၃/မယတ(နိုင်)၀၂၀၄၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## တောင်ငူမြို့ ဈေးတန်းဟောင်း၊ မူလွန်ကျောင်း စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ

အနန္တဂိုဏ်းဝင် ဆရာသခင်တို့အား ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဈေးတန်းဟောင်း မူလွန်ကျောင်း၌ အာစရိယပူဇော်ပွဲကျင်းပပါမည်။

တောင်ငူမြို့၊ ဈေးတန်းဟောင်း မူလွန်ကျောင်းမှ အသက် (၆၀)ပြည့်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အာစရိယ ပူဇော်ပွဲအတွက် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဦးတင်မောင်ကြည် ဖုန်း-၀၉-၂၅၄၀၃၁၀၀၇ မအေးအေးဆွေ ဖုန်း-၀၉-၄၉၂၄၉၆၄၇**
**ကိုစိုးမိုး ဖုန်း-၀၉-၄၂၈၁၁၄၉၇၉ မများပို ဖုန်း-၀၅၄-၂၄၁၄၃**
**ကိုဘန်ဟိုး ဖုန်း-၀၉-၅၃၅၂၆၅၀၊ ဒေါ်ဝင်းမင်းသက် ဖုန်း-၀၅၄-၂၄၂၂၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၇၈၅၉ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဟိန်း ၁၀/မလမ(နိုင်)၀၇၃၇၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၁၃၀ Honda MSX 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမိငယ် ၁၃/ကတန(နိုင်)၀၉၈၂၈၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7679 KHITTA-RA-12 W/T(UTR-001) Truck(8×4) T/S ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသန်း ၇/ပမန(နိုင်)၀၈၈၈၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## မှတ်ပုံတင်အမှတ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့၊ လက်ပံသာယာရွာ၊ ဝဲကြီးနေ ဦးလှဆန်း၏သား မောင်မျိုးမင်းခိုင်၏ မှတ်ပုံတင်အမှတ် အမှန်မှာ ၇/မညန(နိုင်)၀၉၉၈၁၁ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(ခွဲ) ဝက်ချုပ်ကျောင်း၊ အဋ္ဌမတန်း(A)မှ မောင်စွမ်းထက်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်မာမာနွယ် ၈/ရနခ(နိုင်)၀၁၆၁၁၃ ဖြစ်ပါကြောင်း။

**ဒေါ်မာမာနွယ်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ အိမ်အမှတ်(၂၂)၊ တာလမ်းသစ်ရပ်ကွက်၊ စည်ပင်လမ်းမကြီးနေ ဦးတင်ထွေး-ဒေါ်ခင်ဌေးမူတို့၏သမီး မမေဇွန်းသဲ ၁၂/ကမန(နိုင်)၁၀၆၅၉၇သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးတင်ထွေး-ဒေါ်ခင်ဌေးမူ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၈၅၉၄၄ Yamaha TTR ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလာ ၁၃/တခလ(နိုင်)၀၂၈၆၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၁၂၃၇ ယာဉ်အမည်ပေါက်သူ ဦးကိုကိုနိုင် ၁၂/ဥကမ(နိုင်) ၀၁၉၃၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

## အမှားပြင်ဆင်ချက်


၁၁-၁၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၂၁) တွင် ငြင်းချက်ထုတ်ရန် သမ္မန်စာရှိ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၉ ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်)အား ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၉ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ထွန်းအောင်**
**မြို့နယ်တရားသူကြီး**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး


# လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ(Delivery Unit) ၏ Third Wave ပြည်သူ့အခြေပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုများတင်ပြချက်

*ယမန်နေ့မှအဆက်*



**ဆည်မြောင်းဦးစီးဌာန၏ဆောင်ရွက်ချက်များ**

ဆည်/ တာတမံများမှ ရေပေးဝေနိုင်သည့် ဧရိယာနှင့် ရေဘေး ကာကွယ်နိုင်သည့် ဧရိယာ




ဆည်မြောင်းဦးစီးဌာန၏ ဆည်/တာတမံများနှင့် ရေလှောင်ကန်များ မှ ရေပေးဝေနိုင်သည့် ဧရိယာမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စုစုပေါင်း ဧက ၃ ဒသမ ၃၉ သန်းခန့်ရှိပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ဧက ၃ ဒသမ ၂၉ သန်း စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ ထို့အပြင် တာတမံနှင့် ရေနုတ် မြောင်းမှ ရေဘေးကာကွယ်နိုင်သည့် ဧရိယာမှာ ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် စုစုပေါင်း ဧက ၃ ဒသမ ၆၈ သန်းခန့်ရှိခဲ့ပြီး ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် စုစုပေါင်း ဧရိယာ ဧက ၃ ဒသမ ၆၉ သန်းခန့်ကို ရေနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်ခဲ့သည်။


**စက်မှုလယ်ယာဦးစီးဌာန၏ဆောင်ရွက်ချက်များ**

**စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ပြီးစီးမှု**

စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းတွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၈၁၃၂ ဧက၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၉၃၇၇ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဧက ၇၂၅၀ ဖော်ထုတ်ပြီးစီးခဲ့ပါသည်။

**ထွန်စက်ကြီးများအရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှု**

လယ်ယာသုံးထွန်စက်ကြီးများကို အရစ်ကျစနစ်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁၉ စီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၇၄ စီး၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အစီး ၁၂၀ ဖြန့်ဖြူးရောင်းချခဲ့ပြီး ဖြစ်ပါသည်။




**လက်တွန်းထွန်စက်များ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှု**

လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၃၅၂၃ စီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၅၇၈၈ စီး၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၆၁၀၆ စီး ဖြန့်ဖြူးရောင်းချခဲ့ပြီး ဖြစ်ပါသည်။

**စပါးရိတ်သိမ်းခြွေလှေ့စက်များ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှု**

စပါးရိတ်သိမ်းခြွေလှေ့စက်များကို အရစ်ကျစနစ်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၆၀၁ စီး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၄၈၂ စီး၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၄၃ စီး ဖြန့်ဖြူးရောင်းချခဲ့ပြီး ဖြစ်ပါသည်။



**တောင်သူများအားလယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု**

တောင်သူများအား လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် (၁၈) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ၁၂၃၁ ဦး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် (၄၀) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ၁၈၆၁ ဦးတက်ရောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် (၅၁) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ ၁၇၉၂ ဦး တက်ရောက်ခဲ့ပါသည်။

*ဆက်လက်ဖော်ပြပါမည်*


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါအိမ်ရာလုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကနောင်အိမ်ရာစီမံကိန်း
(ခ) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပုလဲမွန်အိမ်ရာစီမံကိန်း
(ဂ) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနတန်ဖိုးနည်းအပိုင်း(၁)အိမ်ရာစီမံကိန်း
(ဃ) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနတန်ဖိုးနည်းအပိုင်း(၂)အိမ်ရာစီမံကိန်း

၂။ **တင်ဒါပေးသွင်းရမည့်ရက်** - ၂၄-၁၂-၂၀၁၄ ရက်မှ ၁၆-၁-၂၀၁၅ ရက်ထိ

၃။ **တင်ဒါပေးသွင်းရမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ ရုံးအမှတ် (၄၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၅၂၇

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ အနီးစခန်း၊ လေယာဉ်ကွင်းအနီး၊ ပြင်ဦးလွင်မြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် Video Conferencing System တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ အနီးစခန်းလေယာဉ်ကွင်းအနီး၊ ပြင်ဦးလွင်မြို့နယ်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၈၅-၅၀၄၃၇ နှင့် ၀၈၅-၅၀၂၅၁ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလုပ်ငန်းစာရင်း၊ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်စက်ပစ္စည်းများအတွက်
**ဈေးနှုန်းတင်သွင်းလွှာစတင်ရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၆-၁-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြ အိမ်ရာစီမံကိန်းများ၏ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအပိုင်း(၂၃)အိမ်ရာစီမံကိန်း
(ခ) လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း(Commercial II)၊ အိမ်ရာစီမံကိန်း

၂။ တင်ဒါပေးသွင်းရမည့်ရက် - ၂၄-၁၂-၂၀၁၄ ရက်မှ ၅-၁-၂၀၁၅ရက်အထိ

၃။ တင်ဒါပေးသွင်းရမည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၅၂၇

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးရုံကြီးများတွင် အသုံးပြုရန် မီလ္လာစုပ်ယာဉ် (ဂါလန် ၈၀၀ဆံ့)တစ်စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၄-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးဦးစီးဌာန**
**ရုံးအမှတ်(၄)၊ နေပြည်တော်**
**ဖုန်း-၄၁၁၁၆၁၊ Fax: ၄၁၁၄၇၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျိုင်းတုံဆေးရုံကြီးတွင် လိုအပ်သောဆေးဝါးများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၄ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ကျိုင်းတုံဆေးရုံကြီး၊**
**ဖုန်း-၀၈၄-၂၁၅၁၁**

# ပေါက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**ပေါက် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိအလှူရှင်များ၊ တိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပေါက်မြို့ပြည်သူ့ဆေးရုံဝင်း၌ ဒီဇင်ဘာ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမှုတွင် အကြီးစားခွဲစိတ်ကုသမှု ၇၅ ဦးနှင့် အသေးစားခွဲစိတ်ကုသမှု ၃၇ ဦး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ အခမဲ့မျက်စိခွဲစိတ်ကုသမှု ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ပေါက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရန် လူနာများရှာဖွေခဲ့ပုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသောကျန်းမာရေးစောင့်ရှောက်မှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနေမှုနှင့် ပေါက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းဘူးခရိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းက ပေါက်မြို့နယ်မှမျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသရန်အတွက် ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မျက်စိခွဲစိတ်ကုသပေးသော မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းနှင့် ဆရာဝန် ဆရာမများအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခဲ့ပြီး ပေါက်မြို့နယ် ဖွံ့ဖြိုးရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးနေဝင်းက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခွဲစိတ်ပြီးဝေဒနာရှင်များအား နေကာမျက်မှန်များ လက်ဆောင်ပေးအပ်ခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာချင်းဆက် ကျောက်ချောအမာခံ ကုန်ထုတ်လမ်းဖောက်လုပ်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးလက်နေပြည်သူများလမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းအဖြစ် ဆည်ပေါက်ကျေးရွာနှင့် သံဘိုကျေးရွာ ကျောက်ချောလမ်းဖောက်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၆၀ ဒသမ ၉၉၃ သန်းဖြင့် မြန်မာ့ခေတ်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး)ဒေါ်မြင့်ဝင်းနှင့် အင်ဂျင်နီယာ ဦးစိုးဝင်းတို့က ဒီဇင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေရှိ အမာခံကျောက်ချောလမ်းအဖြစ် ဖောက်လုပ်မည်ဖြစ်ပြီး လမ်းပြီးစီးပါက ပတ်ဝန်းကျင်ကျေးရွာများရှိ လူဦးရေ ၅၀၀၀ ကျော်၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်စီးပွားရေးများအတွက် ပိုမိုအထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။ **နေအောင်(iprd)**

## သတင်းတိုများ

### သုံးဆယ်မြို့တွင် လျှပ်စစ်အန္တရာယ်ကာကွယ်ရေးပညာပေး

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ လိပ်အင်းကျေးရွာတွင် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားစနစ်တကျအသုံးပြုတတ်စေရေးအတွက် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာဆောင်များဖြန့်ဝေခြင်းနှင့် ပညာပေးပိုစတာများ စိုက်ထူခြင်းတို့ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်းနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၁၅ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြင့်နိုင်**

### ကျေးရွာလမ်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရွာအဝင်လမ်းမြေနီကျောက်စရစ်ခင်းခြင်း၊ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၈၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဆက်ရှိန်နှင့် ခရိုင်ဦးစီးမှူး ဒေါ်မူယာဆွေတို့က ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **ခင်မာလာ(မကွေး)**

### တံတားတည်ဆောက်မှုကြည့်ရှုစစ်ဆေး

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၃၅၄၀ အရှည်ရှိ အုန်းတောတံတားတည်ဆောက်နေမှုကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဒီဇင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အထူးစီမံကိန်းကြီးအဖွဲ့(၃)တာဝန်ခံ အင်ဂျင်နီယာမှူးကြီးက တံတားတည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပစ္စည်းများအလေအလွင့်မရှိရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

### ရေတားရေလွှဲဆည် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာအနီးရှိ အောက်ဝဲကြီး ရေတားရေလွှဲဆည် တည်ဆောက်သည့်နေမှုလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ကသာခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ကသာမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေး

**သီပေါ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီနှင့် အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်းတို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချဆွေးနွေးရန်အတွက် ဒီဇင်ဘာ ၁၈ ရက်က သီပေါအထက(၁)တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က သင်ကြားမှုသင်ယူမှုလုပ်ငန်းဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ရန်ကုန်မှဆရာ ဆရာမကြီးများ လာရောက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ သီပေါမြို့နယ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် တက္ကသိုလ်နှင့်ကောလိပ်များမှ ၁၉၆၄-၁၉၈၄ အသုံးလုံးအဖွဲ့ဝင်ဟောင်းများပါဝင်သော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာဦးမျိုးသန့်ဦးဆောင်သည့် ဆရာခုနစ်ဦးအဖွဲ့က ဒီဇင်ဘာ ၂၆ မှ ၂၈ ရက်အထိ လာရောက်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁-၂၀၁၅ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး**
**ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၈၅-၂၂၅၂၅၊ ၂၃၃၅၁**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(မုံရွာ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်(မုံရွာ)တွင် အောက်ဖော်ပြပါလုပ်ငန်းအား လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

- မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း (၄၆၇၂'×၁၂')

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မုံရွာ)သို့ လာရောက်ဝယ်ယူနိုင်ပြီး ၂၆-၁၂-၂၀၁၄ ရက်နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့်အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မုံရွာ) ဖုန်း-၀၉-၂၀၃၂၅၉၇ တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မုံရွာ)**

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြို့နယ် (၆) မြို့နယ်တွင် (ကျား/မ) (၂၅)ဦးဆံ့ ဘော်ဒါဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်း (၁၂)ခု
(ခ) မြို့နယ် (၈) မြို့နယ်တွင် သောက်သုံးရေရရှိရေးလုပ်ငန်း (၁၆)ခု
(ဂ) မြို့နယ် (၁၂) မြို့နယ်တွင် တံတားတည်ဆောက်ရေးလုပ်ငန်း (၂၃)ခု

၂။ **တင်ဒါသွင်းရမည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက်၊ ရုံးဖွင့်ချိန်မှ ၃၁-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီးပွားဌာန၊ မြစ်ကြီးနားမြို့

၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၉၅၄၄၊ ၂၂၄၈၄ တို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၇၆၉၈၂၊ ZHINE NG 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသာညို ၈/သရန(နိုင်)၀၆၄၄၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သရက်)၊ သရက်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၁၃၈၄) ဧရိယာ ၀ ဒသမ ၀၅၇ ဧက နှစ် ၃၀ အငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းအေး ၉/ပမန(နိုင်)၀၀၄၆၁၆ (ဘ)ဦးပြားမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ငွေအပ်နှံစုဆောင်းခြင်းတွင် ၆၀ % အတိုးကြိုတင်ထုတ်ယူနိုင်သည့်စနစ် စီဘီဘဏ်မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

တိုးတက်ဖွံ့ဖြိုးလာသော ဘဏ်လုပ်ငန်းများသည် ပြည်သူများငွေကြေးလုံခြုံရေးနှင့် ငွေကြေးစီးဆင်းမှု ပိုမိုလွယ်ကူရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ စီဘီဘဏ်မှလည်း ငွေအပ်နှံသူများအတွက် အတိုးကြိုတင်ရ အချိန်ပိုင်းအပ်ငွေ ဝန်ဆောင်မှုအသစ်ကို ဒီဇင်ဘာ ၁၉ ရက်က စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

"ငွေကြေးအပ်နှံသူတွေအတွက် ယခင်က အတိုးနှုန်းကို သုံးလ၊ ခြောက်လနဲ့ တစ်နှစ်ဆိုပြီး အတိုးထုတ်ကာလအဖြစ် သတ်မှတ်ခဲ့ပါတယ်။ မိမိငွေကြေးကို ဘဏ်မှာ လာရောက်အပ်နှံခါစမှာ အတိုးကို ကြိုတင်ထုတ်ပေးသွားဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဥပမာပြောရင် ဘဏ်မှာ ငွေသိန်းတစ်ထောင် လာအပ်တယ်။ ကာလအားဖြင့် တစ်နှစ်အပ်နှံမယ်ဆိုရင် အတိုးက ငွေကျပ် သိန်း ၉၀ ရမယ်။ အဲဒါကို ချက်ချင်းထုတ်ပေးမယ်။ တစ်နှစ်အတွင်း ငွေပြန်ထုတ်ခွင့်မရှိတော့ဘူး။ သို့သော် အရေးပေါ်ငွေလိုမယ်ဆိုရင် ဖြေလျှော့လို့ရနိုင်တဲ့နည်းလမ်းနဲ့ ငွေပြန်ချေးယူမယ့် သဘောမျိုးလုပ်လို့ရတာရှိတယ်။ အတိုးကြိုတင်ရ အချိန်ပိုင်းအပ်ငွေကို တစ်နှစ်အပ်ငွေနဲ့ ခြောက်လအပ်ငွေ နှစ်မျိုးသတ်မှတ်ထားတယ်။ အတိုးနှုန်းကိုတော့ ခြောက်လအပ်ငွေ ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ တစ်နှစ်အပ်ငွေ ၉ရာခိုင်နှုန်းရရှိမယ်။ ငွေအပ်နှံချိန်မှာ အတိုးကြိုတင်ရ အချိန်ပိုင်းအပ်ငွေစာအုပ်အပြင် ငွေစုစာအုပ်တစ်အုပ်လည်းရရှိမှာဖြစ်ပြီး သတ်မှတ်ကာလပြည့်ရင် ငွေစုစာအုပ်ထဲကို အရင်းငွေတွေ ပြန်လည်ရောက်ရှိမှာဖြစ်ပါတယ်။ ထပ်မံပြီး အတိုးကြိုတင်ရ စုဆောင်းလိုရင် ကာလကို ကြိုတင်သက်တမ်းတိုးရမယ်" ဟု စီဘီဘဏ်၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကျော်လင်းက ပြောကြားသည်။



စီဘီဘဏ်မှ ဝန်ဆောင်မှုပေါင်း ၄၈ မျိုးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်လာပြီဖြစ်ပြီး အခြားပြည်တွင်းဘဏ်အများစုလည်း ယခုကဲ့သို့ပင် ဝန်ဆောင်မှုများ တိုးမြှင့်လာနေကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ မိုဘိုင်းဘဏ်စနစ် တွင်ကျယ်လာပါတယ်။ နိုင်ငံတကာမှာဖြစ်ဖြစ် ပြည်တွင်းမှာဖြစ်ဖြစ် ပိတ်ရက်မရှိ၊ အချိန်အကန့်အသတ်မရှိ အသုံးပြုနိုင်တဲ့အတွက် မိုဘိုင်းဘဏ်စနစ်က အားလုံးနဲ့ သင့်လျော်ပါတယ်။ ကျွန်တော်တို့ စီဘီဘဏ်အနေနဲ့ မိုဘိုင်းဘဏ်စနစ်အပြင် အေးဂျင့်တွေ မြို့နယ်အသီးသီးမှာ ဖွင့်လှစ်ပေးထားပါတယ်။ ငွေပို့၊ ငွေလွှဲခြင်းတွေကို အမြန်ဆုံး ဆောင်ရွက်နိုင်ပါလိမ့်မယ်။ နယ်တွေမှာ ငွေလွှဲငွေပို့လိုတာဖြစ်ဖြစ်၊ ဘဏ်ထဲက ငွေကိုထုတ်ချင်ရင်ဖြစ်ဖြစ် အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ အေးဂျင့်တွေလည်း ထပ်မံခန့်ထားဖို့ရှိပါတယ်"ဟု စီဘီဘဏ်၏ အထွေထွေမန်နေဂျာ ဦးဇေယျာကျော်က ဆိုသည်။

ဘဏ်စနစ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတကာ လုပ်ငန်းရှင်များ ပြည်တွင်းသို့ လာရောက်လုပ်ကိုင်လျက်ရှိရာ ဘဏ်စနစ်ကောင်းမွန်ခြင်းကြောင့် များစွာအကျိုးကျေးဇူးများ ရရှိလာနိုင်ကြောင်း၊ ဗဟိုဘဏ်၏ ဖြေလျှော့မှုများကို အခြေခံကာ ပြည်တွင်းဘဏ်များစုပေါင်း၍ ဘဏ်လုပ်ငန်းစနစ်တစ်ခုလုံး မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဗီဇာကတ်၊ မာစတာကတ်များအပြင် ယူနီယံပေး အင်တာနေရှင်နယ်ကတ်များကိုလည်း နိုင်ငံတကာတွင် အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိသော်လည်း အများစုမှာ အလုံးစုံနားမလည်သေးသဖြင့် အသုံးပြုမှုအားနည်းလျက်ရှိကြောင်း သိရသည်။

"နိုင်ငံတကာ ငွေကတ်တွေကို သုံးစွဲတဲ့ အားသာချက်တွေ၊ အားနည်းချက်တွေကို ပြည်တွင်းသုံးစွဲသူတွေအားလုံး မသိရှိကြသေးပါဘူး။ ဗီဇာ၊ မာစတာစတဲ့ ကတ်တွေက နိုင်ငံတကာကို ယူဆောင်သုံးစွဲတဲ့အခါ အထူးလျှော့ဈေးတွေရှိပါတယ်။ ဥပမာ မာစတာကတ်နဲ့ ဈေးဝယ်ရင် ဘယ်လောက်ရာခိုင်နှုန်းလျှော့ဈေးရတယ်ဆိုတာမျိုး နိုင်ငံတိုင်း၊နေရာတိုင်းမှာ ရှိပါတယ်။ ပြည်တွင်းမှာလည်း လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး ကတ်စနစ်ကို တွင်ကျယ်အောင် ကျွန်တော်တို့ ကြိုးစားနေတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ပုဒ်ကိုက ဘဏ်စနစ်သည် လွယ်ကူရမယ် ဆိုတာကြောင့် လူတိုင်းဘဏ်စနစ်နဲ့ ယဉ်ပါးပြီး နိုင်ငံတကာအဆင့်မီ သုံးစွဲနိုင်အောင်ကြိုးပမ်းလျက်ရှိတယ်" ဟု ဦးကျော်လင်းက ပြောကြားသည်။

**သတင်း-မေဦးမိုး၊ ဓာတ်ပုံ-ဝသန်လင်း**

## တစ်အိမ်ထောင် ဆိုလာတစ်ယူနစ်တပ်ဆင်ရေးဆောင်ရွက်

**မင်းတုန်း ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ရှိ တမာကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် တစ်အိမ်ထောင်လျှင် ဆိုလာတစ်ယူနစ်တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိုလာများတပ်ဆင်ရန် မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျေးလက်မီးလင်းရေးကော်မတီထံသို့ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ပြီး တပ်ဆင်ရေးကို တင်ဒါအောင်မြင်သော အေးချစ်ပိုင်ကုမ္ပဏီက ဒီဇင်ဘာ ၉ ရက်မှ စတင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



သရက်ခရိုင်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၉၁ ဒသမ ၈၂၂၄ သန်း အသုံးပြုကာ ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မင်းတုန်းမြို့နယ်မှ ညောင်ပင်သာကျေးရွာနှင့် တမာကုန်းကျေးရွာများ၌ ခွင့်ပြုငွေ ၂၇ ဒသမ ၁၆၅၆ သန်း အသုံးပြု၍ ဆိုလာ ၁၄၇ ယူနစ်တပ်ဆင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဆိုလာများ တပ်ဆင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဝင်းနိုင်တို့က ထောက်ပံ့ပစ္စည်းများ လွှဲအပ်ခြင်း၊ ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **ဇေယျာတု(မကွေး)**

## ငါ့သရောက်မြို့ ရေကျော်ချောင်းကူးတံတားတည်ဆောက်မှု မကြာမီပြီးစီးမည်

**ငါ့သရောက် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဒေသခံပြည်သူများ မြို့တွင်းသွားလာမှု အဆင်ပြေစေရန်အတွက် အမှတ်(၁) မြောက်ကုန်းရပ်ကွက်၌ လိုအပ်လျက်ရှိသည့် ရေကျော်ချောင်းကူးတံတားကို နိုဝင်ဘာ ၁၄ ရက်က စတင်တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



တံတားတည်ဆောက်ရန် နိုင်ငံတော်အစိုးရက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေမှကျပ်သိန်း ၄၀ ခွင့်ပြုချထားပေးခဲ့ပြီး မန္တလေးမြို့ သစ္စာမဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဦးက္ကသရိယက ငွေကျပ်သိန်း ၁၀၀ ခန့် စုပေါင်းထည့်ဝင်လှူဒါန်းသည့်အပြင် ဆရာတော်ကဦးဆောင်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ရှိကော်မတီဝင်များနှင့်အတူ လုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရေကျော်ချောင်းကူးတံတားသည် အရှည်ပေ ၃၀၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ဘေး(ဝဲ၊ ယာ)တစ်ဖက်စီတွင် အကျယ် သုံးပေရှိသည့် လူသွားလမ်းကိုလည်း တစ်ပါတည်းထည့်သွင်းဆောက်လုပ်လျက်ရှိကြောင်း၊ တံတားတည်ဆောက်မှု လုပ်ငန်းပြီးစီးသွားပါက ငါ့သရောက်မြို့နယ် ဒေသခံပြည်သူများအနေဖြင့် မြို့တွင်း၌ မိုးတွင်းကာလများတွင် ကြုံတွေ့နေရသည့် လမ်းပန်းဆက်သွယ်မှုအခက်အခဲများ ပြေလျော့သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအမြန်ပြီးစီးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆရာတော်ဦးက္ကသရိယက ပြောသည်။ **ရဲဝင်းနိုင်(iprd)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီး ရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**- ၂၉-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၈၃**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၇၀၉၄ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၉/ပမန(နိုင်)၁၇၇၇၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (နေပြည်တော်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၇၃၂၇ Toyota Dyna ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၉/မတလ(နိုင်)၀၂၃၂၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ (နေပြည်တော်)**

### သတ္တုတွင်းဝန်ကြီးဌာန
### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)အဆောက်အအုံ ပြန်လည်မွမ်းမံ ဆေးသုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် တင်ဒါပုံစံများကို (၂၂-၁၂- ၂၀၁၄)ရက်တွင် ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၊ စီမံဌာန၊ ဖုန်း-၀၆၇- ၄၁၄၈၁၈ တွင် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် တင်ဒါပိတ်မည့်ရက်မှာ (၂၁-၁-၂၀၁၅)ရက် ၁၂း၀၀ နာရီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### ကလေးမြို့၊ ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၇-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့**
**ဖုန်း-၀၇၃-၂၁၆၃၆၊ ၀၇၃-၂၁၆၃၇**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
### အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကျိုစုအရှေ့တန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ ကနောင်မင်းသားကြီးလမ်း (RC) လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ စီမံကိန်းဝင်းအတွင်း မြေသားလမ်းနှင့် (RC) လမ်းခင်းခြင်း၊ အုတ်ရေမြောင်းနှင့် Box Culvert ပြုလုပ်ခြင်းလုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(၁) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များစတင် ထုတ်ယူနိုင်သည့်နေ့ရက်** - ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)
(၂) **တင်ဒါပိတ်မည့်ရက်** - ၁-၁-၂၀၁၅ရက် (ကြာသပတေးနေ့)
(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ နေပြည်တော်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၁၆၈၃၇၊ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၂/သလန(နိုင်)၁၀၃၅၅၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၃၇၇၈၅၊ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၂/သလန(နိုင်)၁၀၃၅၅၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရေစကြိုမြို့မှ ဒေါ်ဦးဘိုးဘွားရိပ်သာ

■ သတင်းဆောင်းပါး-ဦးငယ်(ဆားလင်းကြီး)

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ တိုးချဲ့မြို့သစ်တမာတန်း ပခုက္ကူ-မန္တလေးကားလမ်းမဘေး (ပခုက္ကူမှ ၂၅ မိုင်အကွာ) တွင် ဒေါ်ဦးဘိုးဘွားရိပ်သာ တည်ရှိသည်။ ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ၎င်းဘိုးဘွားရိပ်သာသည် ယခုဆိုလျှင် ၁၀ နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရေစကြိုသို့ရောက်ရှိလျှင် ရှေးဟောင်းဘုရားများကို ဖူးမြော်နိုင်သလို ရေစကြိုမြို့၏ ကျက်သရေဆောင်တစ်ခုဖြစ်သော ဒေါ်ဦးဘိုးဘွားရိပ်သာကိုလည်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

အချို့က ဒေါ်ဦးဘိုးဘွားရိပ်သာကို မင်းကွန်းဘိုးဘွားရိပ်သာအပါအဝင် ဘိုးဘွားရိပ်သာများစွာကို တည်ထောင်ခဲ့သူ ဒေါ်ဦးဇွန်းနှင့် မှားယွင်းထင်မြင်ကြသည်။ ဒေါ်ဦး ဘိုးဘွားရိပ်သာကြီးကို စတင်တည်ထောင်သူမှာ ဦးအောင်သန်း၊ သီရိသုဓမ္မသိင်္ဂီဒေါ်ခင်သန်းဦး (ကံပွင့်သနပ်ခါးအမွှေးတိုင်) မိသားစုသည်။ ဒေါ်ခင်သန်းဦး၏ အဘိုးအဘွားများအပေါ် ကျေးမွေးပြုစုစောင့်ရှောက်လိုသော စေတနာသဒ္ဓါတရားကို ၎င်း၏ မိသားစုက ဂုဏ်ပြုသောအားဖြင့် ဒေါ်ခင်သန်းဦး၏ "ဦး"ပါသော အမည်ကိုယူပြီး ဒေါ်ဦးဘိုးဘွားရိပ်သာဟု အမည်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ဒေါ်ဦးဘိုးဘွားရိပ်သာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ပထမအဆင့် ဘိုးဘွားစောင့်ရှောက်ရေးဂေဟာအဖြစ် အသိအမှတ်ပြုခဲ့ပြီး ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၄ ရက်တွင် ဒုတိယအဆင့်ဘိုးဘွားရိပ်သာအဖြစ်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒေါ်ဦးဘိုးဘွားရိပ်သာသို့ နိုင်ငံတော်အစိုးရက နှစ်စဉ်ဆန်ဖိုး ထောက်ပံ့ငွေ၊ ဝတ်စုံနှင့် သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒေါ်ဦးဘိုးဘွားရိပ်သာ၌ အဘိုး ၁၁ ဦး၊ အဘွား ၂၂ ဦး စုစုပေါင်း ၃၃ ဦးရှိပြီး ဝန်ထမ်းအင်အား ကိုးဦးဖြင့် ပြုစုစောင့်ရှောက်လျက်ရှိကာ အဘိုး ၁၈ ဦး၊ အဘွား ၃၆ ဦး စုစုပေါင်း ၅၄ ဦးအထိ လက်ခံစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဒေါ်ဦးဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများကို နေ့စဉ် တစ်နေ့သုံးကြိမ် အာဟာရကျွေးခြင်း၊ အပတ်စဉ်ဆရာဝန်၊ တိုင်းရင်းဆေးခန်းမှူးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဝတ်စုံနှင့်အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးခြင်း၊ ဘုရားဆောင်၊ စားသောက်ဆောင်၊ အိပ်ဆောင်၊ ရေချိုးခန်း၊ အိမ်သာများနှင့် အာဝါသ သပ္ပါယ မျှတစွာနေနိုင်ခြင်း၊ တစ်ဦးချင်းအတွက်ကုတင်၊ တစ်ယောက်သုံးဗီရို၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်၊ ပက်လက်ကုလားထိုင်တစ်လုံးစီ ထောက်ပံ့ပေးခြင်း၊ ရေမီးပြည့်စုံခြင်း၊ ဥပုသ်နေ့တိုင်းတွင်ဆရာတော်များအလှည့်ကျပင့်ဆောင်၍ ဘိုးဘွားများအား သီလဆောက်တည်စေခြင်း၊ လစဉ်အပတ်စဉ်အဘိုးအဘွားများအား ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ဆံပင်ဖြတ်ပေးခြင်း၊ အဝတ်လျှော်ဖွပ်ပေးခြင်း စသောကိစ္စရပ်များအပြင် နိစ္စဓူဝကိစ္စရပ်များဖြစ်သော အပေါ့အပါးသွားလာခြင်းမှစ၍ ဂရုစိုက် အလေးထားဆောင်ရွက်ပေးနေသည်ကိုလည်း မြင်တွေ့နိုင်သည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အပတ်စဉ်အင်္ဂါနေ့များတွင် မြို့နယ်ဆရာဝန်ကြီးများနှင့်အဖွဲ့က စစ်ဆေးကုသပေးခြင်း၊ အရေးပေါ်ကိစ္စရပ်များအတွက်လည်း မြို့နယ်ဆရာဝန်သို့ လွှဲပြောင်းကုသစေခြင်း၊ သွားရောဂါအတွက်လည်း သွားဆရာဝန်ဖြင့် တစ်လတစ်ကြိမ် စစ်ဆေးကုသစေခြင်း၊ မျက်စိရောဂါအတွက် လိုအပ်သည့်အခါတိုင်း စစ်ကိုင်း၊ ပခုက္ကူစသည့်မြို့များသို့သွားရောက်၍ အထူးကုဆရာဝန်ကြီးများဖြင့် စစ်ဆေးကုသစေခြင်းစသော ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ကြီးရွယ်အိုအဘိုးအဘွားများ၏ ဘဝနေဝင်ချိန်တွင် စားရေး၊ ဝတ်ရေး၊ နေရေးပူပင်ကြောင့်ကြရမှု မရှိအောင် မိမိတို့၏အဘိုးအဘွားများသဖွယ် ဖြူစင်သော မေတ္တာစေတနာအရင်းခံဖြင့် လိုလေသေးမရှိအောင် စီမံဆောင်ရွက်လျက်ရှိသော ရေစကြိုမြို့မှ ဒေါ်ဦးဘိုးဘွားရိပ်သာအကြောင်းကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

> ဘိုးဘွားရိပ်သာသို့ နိုင်ငံတော်အစိုးရက နှစ်စဉ် ထောက်ပံ့ငွေ၊ ဝတ်စုံနှင့် သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အလှူငွေများလှူဒါန်း . .

# မူလတန်းကလေးအားလုံး ကျောင်းဝတ်စုံထောက်ပံ့ပေးနိုင်ရန်စီစဉ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ကျောင်းနေအရွယ် ကလေးများ ကျောင်းတက်မှုနှုန်း မြင့်မားလာရေးအတွက် လာမည့်ပညာသင်နှစ်မှ စတင်ကာ အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ပြောကြားချက်အရ သိရသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဒီဇင်ဘာ ၁၆ မှ ၁၈ ရက်အထိ ကျင်းပသော အမျိုးသားပညာရေး စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အဖွင့်မိန့်ခွန်းပြောကြားရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျောင်းနေအရွယ် ကလေးများ ကျောင်းတက်မှုနှုန်းမြင့်မားလာရေးအတွက် ပညာရေးဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့သော မူလတန်းအခမဲ့ ပညာရေးစနစ်အရ ကျောင်းသား ကျောင်းသူများအား ဖတ်စာအုပ်များ၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ငွေကျပ် ၁၀၀၀ စီ ထောက်ပံ့ပေးလျက်ရှိကာ နွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်လွယ်အိတ်များကို မူ ပုဂ္ဂလိကအလှူရှင်များနှင့် ပူးပေါင်းထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းသာမက အလယ်တန်းအဆင့်ကိုပါ အခမဲ့ပညာရေးစနစ် သတ်မှတ်ခဲ့ပြီး ကျောင်းလခ၊ မိဘဆရာအသင်းကြေးစသည့် အခကြေးငွေကောက်ခံခြင်းများ မရှိသည့်အပြင် ဖတ်စာအုပ်များကိုပါ အခမဲ့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အခြေခံပညာရေး အဆင့်မြှင့်တင်ရန် ထောက်ပံ့ပေးမှုများကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ပေးလျက်ရှိရာ လာမည့်ပညာသင်နှစ်မှ စတင်ကာ မူလတန်းကျောင်းသူ ကျောင်းသားများအား ကျောင်းဝတ်စုံများကိုပါ ထောက်ပံ့ပေးရန် စီစဉ်နေခြင်း ဖြစ်ကြောင်း သိရသည်။ လက်ရှိပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ မူလတန်းကျောင်းသားကျောင်းသူ ငါးသန်းကျော် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကြီးတိုင်းအောင်**



# နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မြင်းခြံ ဒီဇင်ဘာ ၂၁**

ဂျပန်-မြန်မာ ချစ်ကြည်ရေးနှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ဂျပန်အစိုးရနှင့်ပြည်သူတို့၏အကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် စမ်းကျဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆောက်လုပ်လှူဒါန်းသော ရှစ်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စမ်းကျဘုန်းတော်ကြီးသင်ပညာရေးကျောင်း နာယကဆရာတော်၊ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Hideaki Higashi၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဂျပန်သံရုံး ဒုတိယအတွင်းဝန်က နှစ်ထပ်ကျောင်းဆောင်သစ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ကျောင်းဆောင်သစ်ကို ငွေကျပ်သိန်း ၁၂၀၀ ကျော် အကုန်ကျခံတည် ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စမ်းကျဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် အနီးပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာမှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိကာ ယခုနှစ်ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၅၁၅ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**


**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း**
**အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၆)၊ သင်တန်းသားခေါ်ယူခြင်း**

(က) **သင်တန်းကာလ** - ၂၀၁၅ ခုနှစ် ဇန်နဝါရီလ၊ တတိယပတ်မှ ၄လကြာ သင်တန်း
(ခ) **သင်ကြားမည့်ရက်များ** - ရက်သတ္တတစ်ပတ်တွင် (၃)ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့)
(ဂ) **သင်တန်းအချိန်** - နံနက် ၉း၃၀ နာရီမှ ၁၂း၃၀ နာရီ
(ဃ) **သင်တန်းသားဦးရေ** - (၆၀) မှ (၈၀) အထိ
(င) **သင်တန်းတည်နေရာ** - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(စ) **သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပါရှိရမည့်စာရွက်စာတမ်းများ** - ဓာတ်ပုံ သုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဆ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၁-၃၇၈၇၉၈၊ ၀၁-၃၇၁၂၀၄၊ ၀၁-၃၇၁၂၂၀၊ ၀၁-၃၇၁၂၁၇၊ ၀၁-၂၅၀၈၇၁

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်)တွင် သင်တန်းဝင်ခွင့်ပုံစံဖြည့်စွက်၍ စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

**ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဆင်တံဆိပ်ဘိလပ်မြေအိတ် ၁၁၆၁၀၀ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ အဆိုပါ ဘိလပ်မြေအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းနိုင်ရမည်ဖြစ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၀-၁၂-၂၀၁၄ရက်(၁၆း၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**အစိုးရနည်းပညာအထက်တန်းကျောင်း**
**မအူပင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)မှ (Workshop Passage & Round Passage) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (ပေ ၁၃၀၀)အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၂) အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၆-၁၂-၂၀၁၄ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
(၃) အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်) ဖုန်း-၀၄၅-၃၀၁၀၅ တွင် စုံစမ်းနိုင်ပါသည်။

**အစိုးရနည်းပညာအထက်တန်းကျောင်း (မအူပင်)**
**တင်ဒါရွေးချယ်ရေးအဖွဲ့**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ Japan ODA Loar (JICA ချေးငွေ Loan Agreement No.MY-P1) ဖြင့်တိုင်းဒေသကြီး/ပြည်နယ်များတွင်ဆောင်ရွက်မည့် Diesel Generator 400V ABC ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**



**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**အထူးကုဆေးရုံ (မင်္ဂလာဒုံ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန အထူးကုဆေးရုံ(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၁၄ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံ(မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံ(မင်္ဂလာဒုံ)**
**ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁**

## ဌာနဆိုင်ရာနှင့် လူမှုရေးကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ (ဘွိုင်လာစစ်ဆေးရေး) မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၁၂-၁-၂၀၁၅ ရက်မှ ၂၀-၂-၂၀၁၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာ ဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသူ မည်သူမဆို ၉-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန** - **အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၅၃၄၀၂၉၁၊ ၀၉-၅၅၀၇၀၀၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနအတွက် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူပါသည်-

| | | | |
|---|---|---|---|
| (၁) | Hand Tools Kits for Work Shop (Electrical Mechanical and Constructional Hand Tools Kids 212 PCS) | 1 | No |
| (၂) | Motor 1Hp, single phase for Ground Tank | 2 | Nos |
| (၃) | GPS | 2 | Nos |
| (၄) | Mixer Setler (Solvent Extraction Equipment) | 1 | No |
| (၅) | Vibrating Screen with machine | 1 | No |
| (၆) | Wireless Outdoor (CPE) | 2 | Nos |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ)ဖြင့် အောက်တွင် ဖော်ပြထားသည့်နေရာများ၌ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို ၂၉-၁၂-၂၀၁၄ ရက်တွင် နောက်ဆုံးထား၍ ဖော်ပြထားသည့် လိပ်စာများသို့ ရုံးချိန်အတွင်း ပေးပို့ရမည်ဖြစ်ပြီး ၃၀-၁၂-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီတွင် ရုံးအမှတ်(၂၁) နေပြည်တော်တွင် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများဝယ်ယူလျှင် တင်ဒါစပေါ်ငွေ (Earnest Money) ကျပ် ၅၂၀၀၀ိ/-(ကျပ်ငါးသောင်းနှစ်ထောင်တိတိ)ကို တစ်ပါတည်းပေးသွင်းရမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၆၀၂၆၄၊ ၆၀၃၀၅၊ ၀၉-၆၅၂၅၄၀၅၊ ၆၅၂၅၄၀၆**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## ကြော်ငြာအမှတ်(၁/၂၀၁၅)
## လေယာဉ်မောင်/လေယာဉ်မယ်လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ခ) ၁-၃-၂၀၁၅ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၂)နှစ်ထက် ကျော်လွန်သူ မဖြစ်စေရ။

(ဂ) လေယာဉ်မောင် အရပ် ၅ ပေ ၆ လက်မ၊ လေယာဉ်မယ် အရပ် ၅ ပေ ၄ လက်မနှင့်အထက်ရှိသူဖြစ်ရမည်။

(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်တပ်ဆင်သူ မဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်။)

(စ) အင်္ဂလိပ်စာ အရေး/အပြောကျွမ်းကျင်မှုနှင့် အခြားဘာသာစကားတစ်ရပ်ရပ် တတ်ကျွမ်းသူအား ဦးစားပေးမည်။(စစ်ဆေးမှုရှိမည်။)

(ဆ) မြန်မာနိုင်ငံ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပထမနှစ်အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဇ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်။)

(ဈ) မြန်မာအမျိုးသားလေကြောင်း၌ အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲ၍ ၂၂-၁၂-၂၀၁၄ ရက်မှ ၉-၁-၂၀၁၅ ရက်အထိ မြန်မာအမျိုးသားလေကြောင်း(ရုံးချုပ်)၊ အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ်မြန်မာအမျိုးသားလေကြောင်းဌာနခွဲရုံးများသို့ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်-

(က) ရှေ့တည့်တည့်နှင့် ညာဘက်ဘေးမှရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ (၅"×၇" ဆိုဒ်)(၁)ပုံစီ

(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းခံရပါက မူရင်းတင်ပြရန်)

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်

(စ) သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ကြောင်း ထောက်ခံချက်

(ဆ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းခံရပါက မူရင်းတင်ပြရန်။)

၃။ အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများအား ၁၅-၁-၂၀၁၅ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်း(ရုံးချုပ်)ရန်ကုန်နှင့် မြန်မာအမျိုးသားလေကြောင်း (မန္တလေးဌာနခွဲ) တို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မိမိတို့လျှောက်လွှာများတွင် ဖြေဆိုလိုသည့်နေရာ၊ လူတွေ့စစ်ဆေးလိုသည့်ဒေသတို့ပါ ဖြည့်စွက်ပေးရမည်။

၄။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်မေးမြန်းရန် **-ဖုန်း-၀၁-၅၃၃၁၀၃၊ ၀၁-၃၇၄၅၉၅၊ ၀၉-၅၀၂၁၅၆၃**

**မြန်မာအမျိုးသားလေကြောင်း**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No. 29/DHPI/Transmission Line/2014-2015**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ 11 KV ဓာတ်အားလိုင်းပစ္စည်းများနှင့် 400 V ဓာတ်အားလိုင်း ပစ္စည်းများအား D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ (၅-၁-၂၀၁၅)ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံး ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ရုံးချိန်အတွင်းအောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
## အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ (၁၄)ရပ်ကွက်အနီး ဧရိယာ ၉ ဒသမ ၃ ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် တန်ဖိုးနည်း/တန်ဖိုးသင့်အိမ်ရာစီမံကိန်းရှိ ၁၆ ခန်းတွဲ သုံးထပ်တိုက်ခုနစ်လုံး၊ ခြောက်ခန်းတွဲလေးထပ်တိုက်ရှစ်လုံးနှင့် လူနေဆိုင်ခန်း နှစ်ခန်းတွဲလေးထပ်တိုက်ငါးလုံး စုစုပေါင်းအဆောက်အအုံ ၂၀ လုံး တည်ဆောက်ခြင်းလုပ်ငန်း၊ လမ်း၊ ရေမြောင်း Box Culvert လုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးလုပ်ငန်းများအား တင်ဒါခေါ်ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများလျှောက်ထားပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | **တင်ဒါပုံစံနှင့်စည်းကမ်းချက်များစတင် ထုတ်ယူနိုင်သည့်ရက်** | - | ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) |
| (၂) | **တင်ဒါပိတ်မည့်ရက်** | - | ၂၃-၁-၂၀၁၅ရက် (သောကြာနေ့) |
| (၃) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနစီမံကိန်းဌာနခွဲ၊ နေပြည်တော် |

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

## သူနာပြုတက္ကသိုလ် ရန်ကုန်
## (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ၂၀၁၄ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ်သူနာပြုမဟာသိပ္ပံ(ဘွဲ့လွန်) ၁၂/၂၀၁၃ သင်တန်းအောင်မြင်ပြီးသူများ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ်သူနာပြုသိပ္ပံ (ပေါင်းကူး) ၁/၂၀၁၄ သင်တန်းအောင်မြင်ပြီးသူများ ၂၀၁၄ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ်သူနာပြုသိပ္ပံ (ပေါင်းကူး) ၁/၂၀၁၄ သင်တန်း(နောက်ဆက်တွဲ) အောင်မြင်ပြီးသူများ၊ ၂၀၁၄ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် အထူးပြုသူနာပြု ဒီပလိုမာ(၉)လသင်တန်း အောင်မြင်ပြီးသူများ၊ ၂၀၁၄ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် အထူးပြုသူနာပြု ဒီပလိုမာ (၉)လသင်တန်း (နောက်ဆက်တွဲ) အောင်မြင်ပြီးသူများ၊ ၂၀၁၄ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် စတုတ္ထနှစ် သူနာပြုသိပ္ပံ(ပုံမှန်) ၁/၂၀၁၄ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပစစ်ဆေးသည့် စတုတ္ထနှစ်သူနာပြုသိပ္ပံ(ပုံမှန်) ၁/၂၀၁၄ သင်တန်း(နောက်ဆက်တွဲ)စာမေးပွဲအောင်မြင်ပြီးများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပပြုလုပ်မည့်နေ့ရက်** | - | ၂၅-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) |
| **ကျင်းပပြုလုပ်မည့်အချိန်** | - | နံနက် ၉း၀၀ နာရီ |
| **ကျင်းပပြုလုပ်မည့်နေရာ** | - | ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |
| **ဘွဲ့နှင်းသဘင်ကြေး** | - | ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိနှင့် ပတ်စ်ပို့ ရောင်စုံ ဓာတ်ပုံ ၂လက်မ×၁½ လက်မအရွယ်(၃)ပုံအား လျှောက်လွှာနှင့် အတူပေးသွင်းရန်) |
| **အဝေးရောက် ဘွဲ့နှင်းသဘင်ကြေး** | - | ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိနှင့် ပတ်စ်ပို့ရောင်စုံဓာတ်ပုံ ၂လက်မ×၁½လက်မ အရွယ်(၃)ပုံအားလျှောက်လွှာနှင့်အတူပေးသွင်းရန်) |
| **အစမ်းလေ့ကျင့်မည့်နေ့ရက်** | - | ၂၄-၂-၂၀၁၅ ရက် (အင်္ဂါနေ့) |
| **အစမ်းလေ့ကျင့်မည့်အချိန်** | - | နံနက် ၉း၀၀ နာရီ |
| **လျှောက်လွှာပိတ်မည့်ရက်** | - | ၆-၂-၂၀၁၅ ရက် (သောကြာနေ့) |

**မှတ်ချက်။ ။** ဘွဲ့ဝတ်စုံငှားရမ်းခွင့်လျှောက်လွှာများကို ၁၆-၂-၂၀၁၅ ရက်မှစ၍ ထုတ်ပေးမည်ဖြစ်ပါသည်။အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲရေးရာဌာနစိတ် ဖုန်း-၀၁-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမိန့်အရ-**

**(နှန)**
**လက်ထောက်မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## ပြင်ဆင်ချက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့မှ ၁၉-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနပိုင် သိုလှောင်ရုံ (၁၂)လုံး၊ အဆောက်အအုံနှစ်လုံး၊ အခန်းငါးခန်း၊ စုစုပေါင်း ငှားရမ်းခြင်း ၂၁ခုတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း ခြောက်လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက်အပိုဒ်ခွဲ(ဆ)ပါ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အမှတ် ၁၉၉၊ ၈၃ လမ်း၊ (၆၄×၆၅)လမ်းကြားအစား အမှတ် ၁၉၉၊ ၈၃ လမ်း၊ (၂၇×၂၈)လမ်းကြားဟု ပြင်ဆင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့သင်တန်းအောင်မြင်ကြသူများအတွက် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | - | ၃၁-၁-၂၀၁၅ရက် (စနေနေ့) |
| **ကျင်းပမည့်နေရာ** | - | ဘွဲ့နှင်းသဘင်ခန်းမ(ရန်ကုန်တက္ကသိုလ်) |
| **ကျင်းပမည့်အချိန်** | - | (၀၉း၀၀)နာရီ |
| **ဘွဲ့နှင်းသဘင်ကြေး** | - | ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - | ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) |
| **အစမ်းလေ့ကျင့်မည့်ရက်၊ အချိန်** | - | ၃၀-၁-၂၀၁၅ ရက် (သောကြာနေ့) ၁၀း၀၀နာရီ |
| **လျှောက်လွှာလက်ခံမည့်ရက်** | - | ၂၂-၁၂-၂၀၁၄ ရက်မှ ၂-၁-၂၀၁၅ရက်အထိ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရန် |

(၁) ခြောက်လအတွင်း ရိုက်ကူးထားသော (၁½"×၂")ဓာတ်ပုံသုံးပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူကို လျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။ (ဓာတ်ပုံသည် အင်္ကျီလက်ပြတ်၊ တီရှပ်၊ လည်ဟိုက်နှင့် ဆံပင်ဆိုးထားသောပုံ မဖြစ်ရပါ။)

(၂) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ရုရှားဘာသာ)ဖြင့် အောင်မြင်ကြသူများ

(၃) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဒီပလိုမာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ ရုရှား၊ ထိုင်းဘာသာ)ဖြင့် အောင်မြင်ကြသူများ

(၄) ယခင်ပညာသင်နှစ်များမှ ဘွဲ့လျှောက်ထားခြင်းမရှိခဲ့ဖူးသူများသည် အဝေးရောက် ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

(၅) ဘွဲ့ဝတ်စုံငှားရန်ထောက်ခံစာကို ၂၆-၁-၂၀၁၅ရက်မှစ၍ ၂၈-၁-၂၀၁၅ရက်အထိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)

(၆) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီးတက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးပါမည်။

(၇) ဘွဲ့တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့)အနောက်တိုင်းဝတ်စုံအပြည့် (ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်) နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။ (အောက်နားခွဲထားသော သုံးလွှာလုံချည်များ ဝတ်ခွင့်မပြုပါ။)

(၈) အသေးစိတ်ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**စန်းယုမေ**
**မော်ကွန်းထိန်း**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
## ရုံးချုပ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက်
## အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ် (၉၇)တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရုံးချုပ်အသစ် တည်ဆောက်ရန်ရှိပါသည်။ ၎င်းတည်ဆောက်ရေးလုပ်ငန်းအား စိတ်ဝင်စားသည့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **အဆောက်အအုံအရွယ်အစား** | -၂၃ပေ×၈၅ပေ |
| (ခ) | **အမျိုးအစား** | -သံကူကွန်ကရစ်အမျိုးအစား (RC) |
| (ဂ) | အမြင့်ပေ | -၆၂ပေရှိ ခြောက်ထပ်အဆောက်အအုံ |
| (ဃ) | **ဓာတ်လှေကား** | -တစ်စင်း |

၂။ အဆိုပြုလွှာတင်သွင်းသူများသည်

(က) မြန်မာနိုင်ငံသား၊ တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်ရမည်။

(ခ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်တာလိုင်စင်ရှိရမည်။

(ဂ) အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ရာနှုန်းပြည့်သည်အထိ စိုက်ထုတ်ကျခံဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဃ) တည်ဆောက်ရေးလုပ်ငန်းကို (၈)လအတွင်း အပြီးတည်ဆောက်နိုင်သူဖြစ်ရမည်။

(င) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရုံးချုပ်တည်ဆောက်ရေးကော်မတီ၏ စိစစ်ရွေးချယ်ဆုံးဖြတ်မှုကို လက်ခံနိုင်သူဖြစ်ရမည်။

(စ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရုံးချုပ်တည်ဆောက်ရေးကော်မတီ၏ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဆ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူနိုင်သူဖြစ်ရမည်။

၃။ အထက်ပါအချက်အလက်များဖြင့် ကိုက်ညီမှုရှိသော အဆိုပြုလွှာတင်သွင်းလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ အဆိုပြုလွှာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမှတ် (၉၇)၊ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့သို့ ၉-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

(က) ကုမ္ပဏီ၏စိတ်ဝင်စားမှုအဆိုပြုလွှာ

(ခ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(ဂ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်တာလိုင်စင်မိတ္တူ

(ဃ) ယခင်ကဆောင်ရွက်ခဲ့ဖူးသောလုပ်ငန်းများ

၄။ အသေးစိတ်သိရှိလိုပါက ဦးစောလှိုင် ဖုန်း-၀၉-၅၁၀၂၀၅၅၊ ဒေါ်အေးအေးမာ ဖုန်း-၀၉-၇၃၁၂၁၉၄၆၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမှတ် (၉၇)၊ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရုံးချုပ်တည်ဆောက်ရေးကော်မတီ**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၇၈၅၁၊ ဟွန်ဒါ ဒရိမ်း ND-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုသန်း၆/လလန(နိုင်)၀၉၀၃၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ဃ/၄၇၁၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးထောင်ခန့်ခုပ် ၄/တတန(နိုင်)၀၀၇၂၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ဃ/၁၁၀၀၁ Pleasure, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၅/တမန(နိုင်)၀၅၂၀၅၁က (ကမ-၃)ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တမူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၆၆၇၃၉၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လေး ၉/လဝန(နိုင်)၀၃၂၁၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

**လူမှုရေးနှင့် စီးပွားရေးကြော်ငြာ**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ မဂ္ဂဇင်းထုတ်ဝေရန် စာမူများဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရခိုင်ပြည်နယ် နှစ်လည်မဂ္ဂဇင်း (၂၀၁၅)ကို ထုတ်ဝေရန် မဂ္ဂဇင်းကော်မတီနှင့် စာတည်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပေးစာ၊ ကာတွန်း (မြန်မာ၊ ရခိုင်၊ အင်္ဂလိပ်)စာမူများကို ၂၈-၂-၂၀၁၅ ရက်အရောက် အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**စာမူပေးပို့ရန်လိပ်စာ**

**ဦးလှသိန်း(စာတည်းမှူးချုပ်)**
**မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ**
**ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး**
**စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၂၇၅၇**

## အထက ပုပ္ပား
## ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အနန္တဂိုဏ်းဝင်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် သက်ကြီးဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက် နံနက် ၀၉း၀၀ နာရီတွင် အထက ပုပ္ပားတွင် ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါကျောင်း၌ (၂)နှစ် အထက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားယူပြီးသော ဆရာကြီး ဆရာမကြီးများ၊ လက်ရှိပညာသင်ကြားလျက်ရှိသည့် ဆရာကြီး ဆရာမကြီးများနှင့် လက်ရှိပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် တက်ရောက်ပူဇော် ကန်တော့ပေးကြရန်နှင့် အလှူငွေများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ကိုဝင်းဇော် | ကိုသက်မောင်လင်း |
| ဖုန်း-၀၉-၄၄၄၀၀၄၆၃၉ | ဖုန်း-၀၉-၄၃၀၂၉၉၂၇ |
| ကိုဇော်လင်း | ကိုကျော်ဟိန်း |
| ဖုန်း-၀၉-၄၂၈၃၄၃၁၂၃ | ဖုန်း-၀၉-၄၄၄၀၁၃၅၈၆ |
| ကိုစောနေလင်း | ဆရာဦးမြတ်ရွှေ |
| ဖုန်း-၀၉-၄၂၀၇၄၃၇၇၈ | ဖုန်း-၀၉-၄၀၂၇၃၈၀၅၄ |

# ကျေးဇူးတင်မှတ်တမ်းလွှာ

အထက(၅) ဗိုလ်တထောင် ကျောင်းသူ ကျောင်းသားဟောင်းများ (၁၉၈၅ batch မှ ၁၉၉၄ batch အထိ)၏ ၂၁-၁၂-၂၀၁၄ ရက် M3 Food Centre တွင် ကျင်းပခဲ့သော မြတ်ဆရာပူဇော်ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်လာကြသော ကန်တော့ခံဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ပွဲဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော သူငယ်ချင်းများ၊ အလှူငွေ ထည့်ဝင်လှူဒါန်းပေးခဲ့ကြသော အလှူရှင်များ၊ လိုအပ်သည်များကို အစွမ်းကုန်ကူညီပံ့ပိုးပေးခဲ့ကြသော သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၉**
**ကွယ်လွန်သူ ဦးခင်မောင်သန်း၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။**

ဒေါ်ရီရီထွေး(ခ)ဒေါ်ထွေးထွေး ၉/မရမ(နိုင်)၀၂၀၁၈၇
အကွက်(၇၁၅)၊ စိတ္တရမဟီရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ **လျှောက်သူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ အကွက်(၇၁၅) နေ ဒေါ်ရီရီထွေး (ခ)ဒေါ်ထွေးထွေးက ကွယ်လွန်သူ ဦးခင်မောင်သန်း၏ဇနီးဖြစ်သည်ဟူ၍ ၎င်းလိပ်စာနေ ကွယ်လွန်သူ ဦးခင်မောင်သန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်သန်းမှာ ကျန်ရှိရစ်သောပစ္စည်းများ အပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ရီရီထွေး(ခ)ဒေါ်ထွေးထွေး၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ယဉ်ယဉ်ဟန်**
**ဒုတိယခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ကွက်သစ်၊ မြေကွက်အမှတ် (၁၆၃)နေ ဦးခမ်ခေါ်ထွန်း ၄/ဟခန(နိုင်)၀၀၆၃၂၁ ၏ မြေပေးအမိန့်သည် မိမိအိမ်ပြောင်းရွှေ့မှုပြုလုပ်စဉ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ထုတ်ယူပေးပါရန် လျှောက်ထားချက်အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမှုရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခါးဘူ ၁/မညန(နိုင်)၁၂၄၄၆၂ ဖုန်း-၀၉-၂၅၆၃၅၈၈၉**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ စံပြရပ်ကွက် ကွင်းအမှတ်/အမည် ၂၀၆၃/ပန္နဲကွင်း၊ ဦးပိုင်/မြေကွက်အမှတ် ၄၉၂၊ မြေဧရိယာ ၀ ဒသမ ၀၆၄ မြေကွက်ကို ဦးသိန်းထွန်း(ဘ)ဦးရာတိုး ၉/မလန(နိုင်)၀၁၄၂၅၇ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်လျှောက်ထားလာရာ ကန့်ကွက်သူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ညောင်ဦးခရိုင်စည်ပင်သာယာရေးကော်မတီ**

**အကြောင်းပြရန်ပေးသည့်**

## အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၂၇၃**

ဦးလီဝေချုံး ပါ-၂ **နှင့်** ဒေါ်ရှီရှင်ဟိုက်(ခ)ဒေါ်သန်းမြင့် (ခ) ရှီရှင်ဟွိုင်

**တရားလိုများ** **တရားပြိုင်**

ဒေါ်ရှီရှင်ဟိုက်(ခ)ဒေါ်သန်းမြင့်(ခ)ရှီရှင်ဟွိုင်၊ အိမ်အမှတ် (၇၀က/၁၄) ၆၇ လမ်း၊ (၃၀×၃၁)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးလီဝေချုံး ပါ ၂ က ဤရုံးသို့ မန္တလေးခရိုင်တရားရုံးမကြီး ၇၆/၂၀၁၄ တွင် ၃၀-၇-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ရက် ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၁၁ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ဗန်းမော်ခရိုင်တရားမရုံးတော်၌**
**၂၀၁၂ ခုနှစ် ဓာရီမှုအမှတ်-၂**

ဒေါ်ခမ်းကျန် **နှင့်** ၁။ ဒေါ်မေလင့်
၂။ ဒေါ်မီမီအောင်
၃။ မသီတာအောင်
၄။ မနီနီအောင်
၅။ မသီတာမိုး

**ဒီကရီရသူ** **တရားရှုံးများ**

ဗန်းမော်ခရိုင်နယ်တရားမရုံးတော်က ၂၀၁၁ခုနှစ် တရားမမှုအမှတ်-၅ တွင်စရိတ်များ အပါအဝင် ငွေကျပ် ၁၄၈၁၆၃၃၀/-အတွက် ဒီကရီအတည်ဓာရီပြုရာစာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံး အကျိုးသက်ဆိုင်ခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်မှာ လေလံတင်၍ ရောင်းချလိမ့်မည်။ ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင်ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့်ကြွေးမြီကစိပတ် တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်သည်။

ရောင်းချရာတွင်အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

